BRAVE HEART FOUNDATION

# သတိမမူ၍
# ရူမမြင်ကြသူများ

MyJustice

Funded by:
European Union

Implemented by:
BRITISH COUNCIL

NAMATI
INNOVATIONS IN LEGAL EMPOWERMENT

## သက်ဆိုင်မှုမရှိကြောင်း ဖွင့်ဟကြေငြာချက်

ယခုတင်ပြထားသည့် နိုင်းယှဉ်သုံးသပ်မှုအစီရင်ခံစာတွင်ပါရှိသော သတင်းအချက်အလက်များနှင့် သုံးသပ်ချက်များသည် Braveheart Foundation အဖွဲ့၏ အာဘော်များသာဖြစ်ပြီး ဥရောပသမဂ္ဂ သို့မဟုတ် ပြီတိသျှကောင်စီတို့၏ သဘောထားများကို ထင်ဟပ်ထားခြင်းမဟုတ်ပါ။


**BRAVEHEART FOUNDATION**

၁၁၅၀၊ သီတာလမ်း၊ (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၉ ၂၅၂၂၅ ၄၀၆၄

အီးမေးလ် – ask.braveheart@gmail.com www.braveheartfoundation.net.

# အမှာစကား

တရားဝင်အထောက်အထားဆိုသည်မှာ လူတစ်ဦးတစ်ယောက်အနေဖြင့် လူမှုအဖွဲ့အစည်းတစ်ခု သို့မဟုတ် နိုင်ငံတစ်ခုနှင့် ဆက်စပ်ပတ်သက်နေမှုကို သက်သေထူပေးနိုင်သည့် တစ်ခုတည်းသော စာရွက်စာတမ်းများပင်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးနေသည့်ဥပဒေတိုင်းသည် နိုင်ငံသားများသို့သာ ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်ရာ ဥပဒေပါ အခွင့်အရေးများ ရရှိနိုင်ရေးအတွက်ကိုလည်း အခြေခံလိုအပ်ချက်တစ်ခုဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ပြည်သူလူထုအများစုသည် အဆိုပါစာရွက်စာတမ်းများ ကိုင်ဆောင်ထားခြင်းမရှိသော်ငြား ရှင်သန်နေထိုင်နိုင်သေးသည်ဟု ထင်မှတ်ယူဆထားကြရာ စာရွက်စာတမ်းများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိကြပေ။ လျှောက်ထားမှုလုပ်ငန်းစဉ်အကြောင်း ဗဟုသုတမရှိကြခြင်း၊ လက်တွေ့တွင်လည်း စီမံအုပ်ချုပ်မှုဆိုင်ရာ အဟန့်အတားများ ရှိနေကြခြင်းတို့ကြောင့် နိုင်ငံသားဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ ကိုင်ဆောင်နိုင်ရေးအတွက် ခက်ခဲနေကြသူများ ရှိနေပါသေးသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မွေးစာရင်းနှင့် အိမ်ထောင်စုစာရင်းတို့သည် မြန်မာနိုင်ငံတွင် လူသားတစ်ဦးအနေဖြင့် ရပ်တည်နေကြောင်းကို ထောက်ခံပေးနိုင်သည့် အခြေခံစာရွက်စာတမ်းများပင်ဖြစ်ပေသည်။ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများသည်လည်း နိုင်ငံသားဖြစ်မှုအပေါ်တွင်သာ အခြေခံထားပါသည်။ ထို့အပြင် အနာဂါတ်တွင်လည်း အခွင့်အရေးများ တရားဝင်ရယူနိုင်ရေးအတွက်ကိုလည်း ဤစာရွက်စာတမ်းများက အသုံးဝင်နေဦးမည်ဖြစ်ရာ အခွင့်အရေးများကို ကာကွယ်ပေးနိုင်မည့် လက်နက်ကိရိယာတစ်ခုဟုလည်း မှတ်ယူနိုင်ပါသည်။ နိုင်ငံသားဖြစ်ကြောင်းကို အထောက်အထား မပြသနိုင်ပါက ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှု အစရှိသည့် အခြေခံအခွင့်အရေးများကိုပင် ရယူခံစားနိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံသားများခံစားခွင့်ရှိသည့် အခွင့်အရေးများဖြစ်သော ခရီးသွားလာခွင့်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ တရားဝင် အလုပ်လုပ်ပိုင်ခွင့် သို့မဟုတ် ဘဏ္ဍာရေးဝန်ဆောင်မှုများ ရယူသုံးစွဲခွင့် အစရှိသည်တို့ကိုလည်း လက်လွှတ်ဆုံးရှုံးရပေဦးမည်။

နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ ထုတ်ပေးရေးအတွက် နိုင်ငံတော်တွင် လုံးလုံးလျားလျား တာဝန်ရှိနေသည်ဆိုသော်ငြား လူထု၏ပူးပေါင်းပါဝင်မှုရှိမှသာလျှင် လူတိုင်းတရားဝင်မှတ်ပုံတင်ထားနိုင်ရေးက ခိုင်မာသေချာလာမည်ဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ဝန်ဆောင်မှုပေးနေသည့် ဘေးဖြစ်လွယ်သည့်အုပ်စုများကို နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများအကြောင်း အသိပညာပေးကြမည်ဆိုလျှင်ဖြင့် ၎င်းတို့၏ပါဝင်မှုအခန်းကဏ္ဍသည်လည်း အရေးကြီးပေသည်။ ယခုဆိုလျှင် နိုင်ငံတော်အစိုးရအနေဖြင့် e-ID စနစ် အကောင်အထည်ဖော်မှုကို စီစဉ်နေပြီး စမတ်ကတ်များကို ထုတ်ပေးသွားရန် ပြင်ဆင်နေပြီဖြစ်ရာ လူတိုင်းကိုလွှမ်းခြုံနိုင်မည့် အခွင့်အလမ်းတစ်ခုပင်ဖြစ်သည်။ အထောက်အထားမဲ့အဖြစ် ကျန်ခဲ့သူများအနေဖြင့်မူ ရေရှည်တွင် နိုင်ငံမဲ့အဖြစ်သို့ပါ ကျရောက်သွားနိုင်သောကြောင့် တစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးအတွက် ကြိုးပမ်းကြရပါမည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအသီးသီးက ရည်မှန်းထားကြသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို ချမှတ်ထားပြီးဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံသားဖြစ်မှုမရရှိခြင်းကြောင့် ဤပန်းတိုင်များမှသီးပွင့်လာကြမည့် အကျိုးကျေးဇူးများကို ခံစားခွင့်မရှိသော လူဦးရေများရှိနေဦးမည်ဆိုပါက အဆိုပါပန်းတိုင်များကိုလည်း ပြည့်မီနိုင်ကြလိမ့်မည်မဟုတ်ပေ။ ထို့အပြင် လက်ရှိ ၁၉၈၂ နိုင်ငံသားဥပဒေအရ လူတစ်ဦးတွင် နိုင်ငံသားဆိုင်ရာအထောက်အထားစာရွက်စာတမ်း မရှိခဲ့ပါက ထိုသူ၏မျိုးဆက်သစ်များသည်လည်း ဤအကျိုးဆက်ကို ဆက်လက်ခံစားသွားကြရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံသားဖြစ်မှုဆိုသည်မှာ လူတိုင်းအတွက် အခွင့်အရေးတစ်ရပ်အဖြစ်သာမဟုတ်ဘဲ တာဝန်တစ်ရပ်ပါဖြစ်နေသည်ကို သတိချပ်သင့်ကြပါသည်။

Braveheart Foundation အနေဖြင့်မူ မြန်မာနိုင်ငံတွင် အထောက်အထားမဲ့လူဦးရေ လျှော့ချနိုင်ရေးကို မမိုတ်မသုန်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။ ထိုရည်မှန်းချက်ပြည့်မီနိုင်ရေးအတွက်ကိုလည်း အစိုးရဌာနဆိုင်ရာများ၊ ဥပဒေပြုအဖွဲ့အစည်းများအပြင် ရည်ရွယ်ချက်တူညီသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲသွားပါမည်။

Braveheart Foundation

# နှိုင်းယှဉ်သုံးသပ်မှု အစီရင်ခံစာ

### ၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ အထိ

## သုံးသပ်ချက်အနှစ်ချုပ်

မြန်မာနိုင်ငံတွင် နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်တမ်းများ ထုတ်ပေးသည့်စနစ်သည် Braveheart မှ စမ်းသပ်စီမံကိန်းများ ဆောင်ရွက်နေသည့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုင်းတုံမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာမြို့နယ်တို့တွင် မည်သို့ကွဲပြားခြားနားကြသည်၊ ရလဒ်များ တူညီခြင်းရှိမရှိတို့ကို စူးစမ်းတင်ဆက်ထားသည့် အစီရင်ခံစာဖြစ်ပါသည်။ အဆိုပါဒေသနှစ်ခုလုံးတွင် ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများအား ခန့်အပ်ထားပြီး ၎င်းတို့မှ တာဝန်ယူထားသည့် နယ်မြေအသီးသီးတွင် အထောက်အထားမဲ့နေသူများအား ဖော်ထုတ်ခြင်း၊ နိုင်ငံသားဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ လျှောက်ထားမှုအတွက် ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ပေးနေဆဲမှာပင် ၁၉၈၂ နိုင်ငံသားဥပဒေအား လက်တွေ့တွင် မည်သို့အကောင်အထည်ဖော်နေကြသည်၊ လူထုအနေဖြင့် နိုင်ငံသားဆိုင်ရာအထောက်အထား စာရွက်စာတမ်းများလျှောက်ထားရာတွင် မည်သို့သောစိန်ခေါ်မှုများ ရှိနေကြသည်ကို လေ့လာဖော်ထုတ်နိုင်ရန်ဖြစ်သည်။ နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ ဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (နိုင်ကတ်)၊ အိမ်ထောင်စုလူဦးရေစာရင်း (အထစ)နှင့် မွေးစာရင်းလက်မှတ် (မွေးစာရင်း)တို့ကို အဓိကလေ့လာခဲ့ပါသည်။ စီမံချက်နယ်မြေနှစ်ခုလုံးတွင် လျှောက်ထားမှုတစ်ခုချင်းစီအတွက် အချက်အလက်အသေးစိတ်များကို စနစ်တကျကောက်ယူခဲ့ပါသည်။ စီမံချက်နယ်မြေနှစ်ခုအကြား အဓိကကွာခြားချက်မှာ ကျိုင်းတုံမြို့နယ် လူဦးရေစုစုပေါင်း၏ ၇၄ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး အားလုံးနီးပါးမှာ တိုင်းရင်းသားလူမျိုးစုများ (ရှမ်း၊ အာခါ၊ လားဟူ၊ ပလောင်၊ အခြား စသည်)ဖြစ်ကြပြီး လှိုင်သာယာမြို့နယ်ကမူ လုံးဝနီးပါး မြို့ပြဒေသဖြစ်ပြီး နေထိုင်သူအများစုမှာ ဗမာလူမျိုးများဖြစ်ကြသည် (၎င်းတို့အနက် အများစုသည် အခြားအရပ်ဒေသမှ ပြောင်းရွှေ့လာကြသူများဖြစ်သည်)။

လှိုင်သာယာမြို့နယ်ရှိ Braveheart လုပ်ငန်းစဉ်များအား ဆိုင်းငံ့ထားရန် ၂၀၁၇ နှစ်ကုန်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားချက်ထုတ်ပြန်ခဲ့ရာ လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပေ။ အဆိုပါညွှန်ကြားချက်သည် ၂၀၁၈ နှစ်ကုန်ပိုင်းလောက်အထိ ပြောင်းလဲခြင်းမရှိသေးသောကြောင့် ဥပဒေအထောက်အကူပြုသူများသည် အမှုသည်များအား အဝေးမှပင် ကူညီပံ့ပိုးပေးနေခဲ့ရသည်။ အကျိုးဆက်အနေဖြင့် လူထုပညာပေးပွဲများ မကျင်းပနိုင်ကြသည့်အပြင် ဥပဒေအထောက်အကူပြုသူများကိုလည်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာန (လဝက)ဝန်ထမ်းများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်းမပြုရန် ညွှန်ကြားထားခဲ့ရသည်။ ကျိုင်းတုံမြို့နယ်တွင်မူ စီမံချက်လုပ်ငန်းစဉ်များအား ၂၀၁၈ ခုနှစ် ဒုတိယနှစ်ဝက်လောက်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ဥပဒေအထောက်အကူပြုသူများသည် ဒေသခံအာဏာပိုင်များ၊ လဝက ဝန်ထမ်းများနှင့် ကောင်းမွန်သောဆက်ဆံရေးများကို ထူထောင်နိုင်ခဲ့ကြသည်။

## အဓိကတွေ့ရှိချက်များ

- ကျိုင်းတုံမြို့နယ်မှ လျှောက်ထားမှုအမှုတွဲများသည် အောင်မြင်မှုပမာဏအားဖြင့် လိုင်သာယာထက် သိသိသာသာ မြင့်မားနေသည် (၈၁ % နှင့် ၂၉ %)။
- ကျိုင်းတုံမှ ဥပဒေအထောက်အကူပြုသူများသည် လဝက ဝန်ထမ်းများနှင့် ကောင်းမွန်သောဆက်ဆံရေးများ ထူထောင်နိုင်ခဲ့ကြသော်လည်း လိုင်သာယာတွင်မူ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ညွှန်ကြားချက် မပျက်ပြယ်သေးသောကြောင့် ကျယ်ကျယ်ပြန့်ပြန့် မလုပ်ဆောင်နိုင်ခဲ့ပေ။
- ကျိုင်းတုံဒေသခံအများစုမှာ တိုင်းရင်းသားလူမျိုးများ (မွေးရာပါနိုင်ငံသားအဖြစ် အသိအမှတ်ပြုခံထားရသူများ) ဖြစ်ကြပြီး မည်သည့်ဒေသသို့မှ ပြောင်းရွှေ့ခြင်းမပြုကြဘဲ တစ်နေရာတည်းမှာပင် မျိုးဆက်အလိုက် စဉ်ဆက်မပြတ်နေထိုင်လာခဲ့ကြသူများဖြစ်သည်။ လိုင်သာယာတွင်မူ ဒေသခံများရှိသကဲ့သို့ ရွှေ့ပြောင်းများ၊ ကျူးကျော်နေထိုင်ကြသူများနှင့် တိုင်းရင်းသားမဟုတ်သူများနှင့် အိမ်ထောင်ကျထားသူများ[1] စသည်ဖြင့် အမျိုးအစားစုံလင်လှသည်။

ကျွန်ုပ်တို့၏ တွေ့ရှိချက်များ၊ သုံးသပ်ချက်များ မတင်ပြမီ စီမံချက်ကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ My Justice အဖွဲ့နှင့် နည်းပညာပိုင်း အထောက်အကူပေးခဲ့သည့် Namati အဖွဲ့တို့အား ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

[1] မိဘတစ်ဦး သို့မဟုတ် နှစ်ဦးစလုံးသည် တရုတ်၊ အိန္ဒိယနှင့် အခြားသော တိုင်းရင်းသားမဟုတ်သူများ ဖြစ်သည်။

# အစီရင်ခံစာ အပြည့်အစုံ

## စမ်းသပ်စီမံချက် ဆောင်ရွက်ခဲ့သည့်မြို့နယ်များ

Braveheart သည် ကျိုင်းတုံမြို့နယ်တွင် စီမံချက်လုပ်ငန်းစဉ်များအား ၁၆ လကြာဆောင်ရွက်ခဲ့ပြီး ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူ ၆-၈ ဦး ခန့်ထားခဲ့ပါသည်။ သို့ရာတွင် စီမံချက်အစပိုင်း၏ ပထမနစ်လတွင် ဥပဒေအထောက်အကူပြုသူများအား ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနှင့် လျှောက်ထားမှုလုပ်ငန်းစဉ်တို့အကြောင်းကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ ထို့နောက် အမှုတွဲမှတ်တမ်းကောက်ယူမှုနှင့် ရင်းနှီးလာစေရန် ဆက်လက်သင်ကြားပေးခဲ့သည်။ ထို့ကြောင့် အဆိုပါနစ်လအတွင်း၌ ကွင်းဆင်းလုပ်ငန်းစဉ်များကို စတင်နိုင်ခဲ့ခြင်းမရှိပေ။ ကျန်ရှိသည့် ၁၄ လအတွင်းတွင်မှ Braveheart အဖွဲ့သားများသည် အမှုတွဲစုစုပေါင်း ၈၄၅ မှုအား ဖွင့်လှစ်ကူညီပေးနိုင်ခဲ့သည်။

ကျိုင်းတုံမြို့နယ်သည် ရှမ်းပြည်နယ်အရှေ့ပိုင်း၏ မြို့တော်ဖြစ်ပြီး လူဦးရေစုစုပေါင်းအားဖြင့် ၁၇၁,၆၂၀ ဦး နေထိုင်ကြကာ အမျိုးသားအရေအတွက်သည် အမျိုးသမီးအရေအတွက်ထက် အနည်းငယ်နည်းပါးနေသည်ကို တွေ့ရသည် (၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များအရ)။ မြို့နယ်အတွင်းတွင် ရှမ်းလူမျိုးအများစုနေထိုင်ကြပြီး အာခါ၊ လားဟူနှင့် ဗမာလူမျိုးတို့လည်း နေထိုင်လျက်ရှိသည်။ ဒေသခံအများစုဖြစ်သည့် လူဦးရေစုစုပေါင်း၏ ၇၄.၂ % သည် ကျေးရွာအုပ်စု ၃၇ စုတွင်ဖြန့်ကျက်နေထိုင်လျက်ရှိပြီး ကျန် ၂၅.၂ % ကမူ မြို့ပေါ်ရှိ ရပ်ကွက် (၅)ခုတွင် နေထိုင်လျက်ရှိကြသည်။ ၂၀၁၄ သန်းခေါင်စာရင်းတွင် ဖော်ပြထားချက်အရ ကျိုင်းတုံမြို့နယ်တွင် အသက် (၁၀)နှစ်အထက် လူဦးရေစုစုပေါင်း ၂၁,၀၁၃ ဦးသည် မည်သည့်သက်သေခံကတ်ပြားကိုမျှ ကိုင်ဆောင်ထားခြင်းမရှိကြောင်း သိရသည်။ (မှတ်ချက် - ပြည်ထောင်စုအဆင့် ကိန်းဂဏန်းအနေဖြင့်မူ မြန်မာနိုင်ငံတွင် သက်သေခံကတ်ပြားကိုင်ဆောင်ထားခြင်းမရှိသည့်ဦးရေမှာ တစ်နိုင်ငံလုံးစုစုပေါင်းလူဦးရေ၏ ၂၇.၃ % ခန့်ရှိသည်ဟု ဖော်ပြထားသည်။)

Braveheart သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင်လည်း အလားတူစီမံချက်တစ်ခုကို ဖော်ဆောင်နေခဲ့သည်မှာ ၂၆ လခန့်ရှိပြီဖြစ်ပြီး ဥပဒေအထောက်အကူပြုသူ (၈) ဦးအား တာဝန်ပေးခန့်အပ်ထားပါသည်။ လွန်ခဲ့သည့် ၁၄ လအတွင်း ဥပဒေအထောက်အကူပြုသူများသည် အမှုတွဲစုစုပေါင်း ၁,၁၁၃ မှုအား ဖွင့်လှစ်ကူညီပေးနိုင်ခဲ့သည် (၂၆ လလုံးအားထည့်တွက်မည်ဆိုပါက အမှုတွဲပေါင်း ၁,၈၀၀ ကျော် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်)။ သို့ရာတွင် ၂၀၁၉ ခုနှစ် အစပိုင်းရှိ ပထမနစ်လအတွင်း၌မူ ဥပဒေအထောက်အကူပြုသူများ ရွေးချယ်ခန့်ထားခြင်း၊ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေအား လေ့ကျင့်သင်ကြားပေးခြင်းတို့ဖြင့်သာ ကုန်ဆုံးခဲ့ရသည်။ ထို့နောက် အမှုတွဲကောက်ခံမှုမှတ်တမ်းများနှင့် ရင်းနှီးစေရန် ထပ်မံသင်ကြားပေးခဲ့ရသည်။ အဆိုပါကာလအတွင်းတွင် မြေပြင်လုပ်ငန်းများအား စတင်နိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ကျိုင်းတုံမြို့နယ်နှင့် နှိုင်းယှဉ်နိုင်ရန်အတွက် လက်တွေ့လုပ်ငန်းများဆောင်ရွက်ခဲ့ကြသည့် အလားတူကာလအပိုင်းအခြားကိုသာ ရယူပြီးနှိုင်းယှဉ်ခဲ့ပါသည်။

လှိုင်သာယာမြို့နယ်ကို ၁၉၈၀ ပြည့်နှစ်များတွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်များမှစ၍ စက်ရုံများဖွင့်လှစ်လာခြင်းနှင့်အတူ ပြည်တွင်းမှရွှေ့ပြောင်းနေထိုင်ကြသူများနှင့် တစ်ဖြည်းဖြည်းစည်ကားလာခဲ့သည်။ သို့ရာတွင် နေထိုင်မှုစနစ်များအနေဖြင့်မူ အများစုမှာ အလွန်နှိမ့်ပါးသည့်အခြေအနေတွင်ရှိနေကြပြီး ပြည်တွင်းရွှေ့ပြောင်းများမှာလည်း ဂရန်မြေပေါ်တွင် တရားဝင်အခြေချနေထိုင်ကြခြင်းမဟုတ်ပေ။ အချက်အလက်အထောက်အထား အခိုင်အမာညွှန်းဆိုစရာ မရှိသေးသော်ငြားရွှေ့ပြောင်းများ ထပ်မံဝင်ရောက်လာမှုများကြောင့် လှိုင်သာယာမြို့နယ်လူဦးရေသည် တစ်သန်းကျော်ခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။ ၂၀၁၄ သန်းခေါင်စာရင်း ထုတ်ပြန်ချက်အရမူ လှိုင်သာယာမြို့နယ်တွင် အသက် (၁၀) နှစ်အထက် လူဦးရေစုစုပေါင်း၏ ၂၆% သည် မည်သည့်သက်သေခံကတ်ပြားကိုမှ ကိုင်ဆောင်ထားခြင်းမရှိကြောင်း သိရသည်။[2]

---

[2] ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းပါ အချက်အလက်သာဖြစ်ပါသည်။ လတ်တလောတွင်မူ လှိုင်သာယာမြို့နယ်လူဦးရေကို တစ်သန်းကျော်မည်ဟုခန့်မှန်းထားရာ အထောက်အထားမဲ့လူဦးရေသည်လည်း ယခုထက်ပိုများနိုင်ပါသည်။

## Braveheart မှ ဆောင်ရွက်ခဲ့သည့် နည်းလမ်းများ

Braveheart မှ အဓိကအသုံးပြုခဲ့သည့်နည်းလမ်းများမှာ ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများ ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်ပြီး အဆိုပါ ဥပဒေအထောက်အကူပြုသူများသည် မိမိတာဝန်ကျရာ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ အမှုသည်များအား ပညာပေးခြင်းမှတစ်ဆင့် ပူးပေါင်းလုပ်ဆောင်သွားကြရန်ဖြစ်သည်။ ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်အဆင့်ရုံးများတွင် အမှုသည်ကိုယ်တိုင်မှ အထောက်အထားစာရွက်စာတမ်းများ သွားရောက်လျှောက်ထားနိုင်ရန်အတွက် စွမ်းဆောင်ရည်များမြှင့်တင်ပေးခြင်းကို ဆက်လက်လုပ်ဆောင်ကြရသည်။ လက်တွေ့လျှောက်ထားသည့် အမှုတွဲမြောက်များစွာတွင် ကူညီပေးခြင်းဖြင့် ယခုလက်ရှိကျင့်သုံးနေသည့် စနစ်၏ လုပ်ငန်းလည်ပတ်ပုံများကို အတွင်းကျကျသိရှိလာခဲ့သည်။ အပြင်ပန်းမှ ဥပဒေရှုထောင့်တစ်ခုတည်းကပင် ဝေဖန်သုံးသပ်နေခြင်းမျိုးထက် လက်တွေ့တွင်မည်သို့လည်ပတ်နေသည်ကိုပါ နားလည်သိရှိလာခြင်းမျိုးဖြစ်သည်။ အမှုတွဲတစ်ခုချင်းစီမှ အချက်အလက်များကို စေ့စပ်သေချာစွာကောက်ယူပြီး သုံးသပ်ထားခြင်းဖြစ်ပါသည်။ အမှုတွဲအချက်အလက်များသည် အောက်ဖော်ပြပါနည်းလမ်းသုံးမျိုးအတွက် အလွန်ပင်အသုံးဝင်ပါသည်။ ၁) စီမံချက်လုပ်ငန်းစဉ်များအား လေ့လာစောင့်ကြည့်မှုများအတွက် အခြေခံအဖြစ်အသုံးပြုနိုင်မည်။ ၂) လျှောက်ထားမှုလုပ်ငန်းစဉ်အတွင်း အဆင်ပြေမှု/မပြေမှုတို့ကို စနစ်တကျလေ့လာခြင်းဖြင့် အမှုတွဲများ၏ အရည်အသွေးကို မြှင့်မားလာစေရုံသာမက ထိုအတွေ့အကြုံများကို အခြားသော အမှုတွဲများတွင်လည်း ပြန်လည်အသုံးပြုနိုင်မည်။ ၃) လက်ရှိကျင့်သုံးနေသည့် ယန္တရားစနစ် မည်သို့လည်ပတ်သည်ကို ရုံးလုပ်ငန်းဖွဲ့စည်းပုံအပါအဝင် နက်နက်ရှိုင်းရှိုင်းလေ့လာထားခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှု ပိုမိုကောင်းမွန်မြန်ဆန်လာစေရန် အကြံပြုတင်ပြနိုင်လာမည်။

စီမံချက်ကာလ (၁၄)လ အတွင်း ကောက်ယူခဲ့သည့် အချက်အလက်များအား အသုံးပြု၍ (ဥပဒေအထောက်အကူပြုသူများသည် အမှုသည်များအား ပံ့ပိုးကူညီခြင်းကို စီမံချက်စတင်ပြီး တတိယလတွင်မှသာ စတင်နိုင်ခဲ့ကြသည်) ဤအစီရင်ခံစာကို ပြုစုထားခြင်းဖြစ်ပြီး ထိုအချက်အလက်များအား စုစည်းသုံးသပ်ထားချက်များအား တင်ပြနိုင်ရန် ရည်ရွယ်ထားပါသည်။ ယခုအစီရင်ခံစာကိုအသုံးပြု၍ MyJustice နှင့် အခြားသောအဖွဲ့အစည်းများအနေဖြင့် လက်ရှိကျင့်သုံးနေသည့် ယန္တရားစနစ်ကြီးသို့မဟုတ် ဖြစ်နိုင်မည်ဆိုပါက ဥပဒေပြင်ဆင်ရေးကိုပါ အစိုးရဌာနများနှင့်ပူးပေါင်း၍ လုပ်ဆောင်သွားနိုင်ကြမည်ဟု မျှော်လင့်မိပါသည်။ စီမံချက်ကာလအတွင်းကောက်ယူခဲ့သော အချက်အလက်များအပေါ်မူတည်၍ မည်သည့်အချက်များကို ရည်ညွှန်းနေသည်၊ မည်သည့်အချက်များအား အကြံပြုဖော်ပြနေသည်၊ အချက်အလက်အပြည့်အစုံမရရှိသည့်အခြေအနေများ၌လည်း ရှိထားသည့်အချက်အလက်များကိုအခြေခံထားသည့် သုံးသပ်ချက်များကို ဤအစီရင်ခံစာတွင် တင်ဆက်ဖော်ပြထားပါသည်။

## ဥပဒေအထောက်အကူပြုသူဆိုသည်မှာ

ဥပဒေအထောက်အကူပြုသူများဆိုသည်မှာ ဥပဒေပညာရှင်များမဟုတ်ကြသော်လည်း ဥပဒေတစ်ရပ်ရပ်၏ သက်ဆိုင်ရာနယ်ပယ်များနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားပေးထားသူများပင်ဖြစ်သည်။ ထို့အပြင် ထိခိုက်လွယ်သည့်အုပ်စုများအတွက် နိုင်ငံသားဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ လျှောက်ထားရယူခြင်းနှင့်ပတ်သက်သည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနေကြသူများလည်းဖြစ်သည်။ ဥပဒေအထောက်အကူပြုသူများမှတစ်ဆင့် ဒေသခံလူထု၏ ဥပဒေရေးရာ စွမ်းဆောင်ရည်များကိုမြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ ဤနည်းလမ်းကို အသုံးပြုထားခြင်းလည်းဖြစ်ပါသည်။ ဥပဒေအထောက်အကူပြုသူများကို ဒေသခံရပ်ရွာအတွင်းမှပင် ရွေးချယ်ခန့်အပ်ထားသည်ဖြစ်ရာ ဒေသခံများအကြောင်းကို ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည့်အပြင် ထိုသူများနှင့် ရင်းရင်းနှီးနှီးထိထိရောက်ရောက် ချိတ်ဆက်ဆောင်ရွက်နိုင်စွမ်းလည်းရှိကြပါသည်။

## ဥပဒေအထောက်အကူပြုသူ၏ အဓိကတာဝန်ဝတ္တရားများ

ဥပဒေအထောက်အကူပြုသူများသည် မိမိတာဝန်ယူထားသည့်ဒေသ၏ ဒေသဆိုင်ရာအခြေခံအချက်အလက်များ မှတ်တမ်းပြုစုပြီးနောက် အထောက်အထားမဲ့နေသူများကို ဖော်ထုတ်ကြရပါသည်။ ထို့နောက် အနည်းဆုံး လူ (၁၅၀)ဦးအား နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ၏ အရေးပါပုံကို ရှင်းလင်းပြရသည့်အပြင် လက်တွေ့လျှောက်ထားလာကြစေရန်လည်း ပညာပေးစည်းရုံးမှုများကို လုပ်ဆောင်ကြရသည်။ ထို့အပြင် အမှုသည်ဘက်မှလိုအပ်လာပါက လိုအပ်သော

အထောက်အထား စာရွက်စာတမ်းများကို ကူညီစုဆောင်းပေးကြရသည်။ ဒေသခံပြည်သူများသည် အစိုးရရုံးဌာနများသို့ ကိုယ်တိုင်ဝင်ထွက်သွားလာရန် ဝန်လေးတတ်ကြသည်။ လျှောက်ထားမှုလုပ်ငန်းစဉ်အတွက် အမှုသည်များအား ကူညီပေးနေရင်းမှာပင် ဥပဒေအထောက်အကူပြုသူသည် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသည့်အခွင့်အရေးများကို ရှင်းပြပေးခြင်းဖြင့် အမှုသည်၏ ဥပဒေဆိုင်ရာစွမ်းဆောင်ရည်များကို မြှင့်တင်ပေးရုံသာမက ၎င်းတို့၏အခွင့်အရေးများအတွက်ကိုလည်း တောင်းဆိုတတ်လာစေပါသည်။ ထို့နောက် ဥပဒေအထောက်အကူပြုသူများသည် အမှုသည်၏ လျှောက်ထားမှုလုပ်ငန်းစဉ်တစ်လျှောက်လုံးအား မှတ်တမ်းရယူထားခြင်းဖြင့် နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ လျှောက်ထားရယူရာတွင်တွေ့ကြုံရသည့် တူညီမှုများ၊ ဘုံဖြစ်နေသည့်အခက်အခဲများကို ဖော်ထုတ်ဆန်းစစ်ကြရပါသည်။ ဥပဒေအထောက်အကူပြုသူတစ်ဦးအတွက် စီမံချက်ကာလအတွင်း ကူညီပံ့ပိုးရမည့်အမှုသည် အရေအတွက်ကို ၁၀၀ ဦး ဟု သတ်မှတ်ပေးထားပါသည်။

## တွေ့ကြုံခဲ့ရသည့် စိန်ခေါ်မှုများ

- အကြောက်တရားလွှမ်းမိုးနေပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံရန် တွန့်ဆုတ်နေတတ်ကြသည့် ဒေသခံလူထုအား ဥပဒေရေးရာစွမ်းဆောင်ရည်များ မြှင့်တင်ပေးရေးဆိုသည်မှာ လွယ်ကူသည်တော့ မဟုတ်ပေ။
- လူထုအများစုက နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများသည် ဤမျှလောက်အရေးပါအရာရောက်ခြင်းမရှိဟု မှတ်ယူထားတတ်ကြသည်။ အကယ်၍ ခရီးသွားလာရန်ဖြစ်စေ သို့မဟုတ် အလုပ်အကိုင်အခွင့်အလမ်းအတွက်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ်ပြား လိုအပ်လာခဲ့လျှင်လည်း အချိန်ကုန်လူမပန်းသည့် ပွဲစားများသို့သာ ပိုက်ဆံပေး၍ လုပ်ချင်ကြသည်။ အထူးသဖြင့် လှိုင်သာယာမြို့နယ်တွင် ထိုကဲ့သို့သော အမှုအများအပြားကို လေ့လာတွေ့ရှိခဲ့ရပါသည်။
- အစိုးရဌာနများသို့ မဖြစ်မနေသွားရမည့်အခါမျိုးတွင်လည်း အမှုသည်များသည် ဥပဒေအထောက်အကူပြုသူများအား အဖော်လိုက်ပေးရန် အမြဲတမ်းပင် တောင်းဆိုတတ်ကြသည်။ ထို့ကြောင့်လည်း ဥပဒေအထောက်အကူပြုသူများအဖို့ ဝန်ပိလာကြရသည်။
- အထူးသဖြင့် ကျိုင်းတုံမြို့နယ်တွင် တွေ့ကြုံခဲ့ရသည့်အခက်အခဲမှာ ကျေးရွာများသည် အလှမ်းဝေးလွန်းပြီး မိုးရာသီ၌ သွားလာရေးမှာ ခက်ခဲလွန်းလှသည်။
- အမှုသည်များသည် စိုက်ပျိုးရာသီများတွင် မအားလပ်ကြသဖြင့် ဥပဒေအထောက်အကူပြုသူများသည် အမှုသည်များအား ညအချိန်များ၌သာ သွားရောက်တွေ့ဆုံခဲ့ကြရသည်။
- အစိုးရမှစီစဉ်ဆောင်ရွက်ပေးသည့် ကွင်းဆင်းစီမံချက်များ၊ ရွေးကောက်ပွဲကာလများတွင် စာရွက်စာတမ်းများကို အလွယ်တကူ ထုတ်ပေးတတ်ကြသည်ဟူသောမျှော်လင့်ချက်ဖြင့် ထိုအချိန်ကိုသာစောင့်ဆိုင်းလိုကြသူ အများအပြားကိုလည်း တွေ့ကြုံခဲ့ရသည်။
- ဌာနဆိုင်ရာဝန်ထမ်းများကလည်း ဥပဒေအထောက်အကူပြုသူများအား ၎င်းတို့၏လုပ်ငန်းများကို ဝင်ရောက်နှောက်ယှက်ကြမည့်သူများ၊ ပြဿနာဖန်တီးကြမည့်သူများဟု ရှုမြင်တတ်ကြသည်။ (ဥပဒေအထောက်အကူပြုသူများသည် လက်တွေ့တွင်မူ အုပ်ချုပ်သူများနှင့် ဒေသခံလူထုတို့အကြား ပေါင်းကူးဆက်သွယ်ပေးကြသူများသာဖြစ်ပါသည်။)

## ၁၉၈၂ နိုင်ငံသားဥပဒေမှ မှတ်သားဖွယ်အချက်များ

ဤစီမံချက်သည် လက်ရှိအငြင်းပွားဖွယ်ဖြစ်နေသည့် ၁၉၈၂ နိုင်ငံသားဥပဒေအပေါ် အခြေခံ၍ အကောင်အထည်ဖော်ထားခြင်း ဖြစ်ပါသည်။ အဆိုပါဥပဒေတွင် ပြဌာန်းထားသည်မှာ - တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း မွေးရာပါနိုင်ငံသား ဖြစ်သည် (ပုဒ်မ - ၅)။ ဤဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည် (ပုဒ်မ - ၆)။ နိုင်ငံတော်တွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသားဖြစ်သည် - (က) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသူများ၊ (ခ) နိုင်ငံသားနှင့် ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူများ၊ (ဂ) နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှမွေးဖွားသူများ စသည် (ပုဒ်မ - ၇)။ သို့ရာတွင် ဥပဒေ၌မည်သို့ပင်ပြဌာန်းထားစေကာမူ တိုင်းရင်းသားလူမျိုးများအပါအဝင် ပြည်သူအများအပြားသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားဖြစ်ခွင့်ကို မရရှိကြသေးပေ။ နိုင်ငံသားဥပဒေဆိုင်ရာ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည်

တင်းကျပ်လွန်းနေသဖြင့် ထိုသူများမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်နိုင်ကြခြင်းမရှိသေးပေ။ ထို့ကြောင့်လည်း မည်သည့်အတွက်ကြောင့် အထောက်အထားမဲ့များဖြစ်နေရသည်ကို စူးစမ်းလေ့လာရန် ရည်ရွယ်ချက်ဖြင့် Braveheart အဖွဲ့မှ ဤစီမံချက်အား လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

## အချက်အလက်များအား ဆန်းစစ်သုံးသပ်ခြင်း

ယခုနှိုင်းယှဉ်ထားသည့်အချက်အလက်များမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ကျိုင်းတုံမြို့တွင်ကောက်ယူမှတ်တမ်းတင်ထားသည့်အချက်အလက်များနှင့် ၂၀၁၈ ခုနှစ် ဩဂုတ်လမှ ၂၀၁၉ စက်တင်ဘာလအတွင်း လိုင်သာယာမြို့နယ်တွင် ကောက်ယူထားခဲ့သည့် အချက်အလက်များကို နှိုင်းယှဉ်သုံးသပ်ထားခြင်းဖြစ်ပါသည်။

ကျိုင်းတုံမြို့နယ်တွင် ကောက်ယူခဲ့သည့် အမှုအရေအတွက် စုစုပေါင်း = ၈၄၅ မှု

လိုင်သာယာမြို့နယ်တွင် ကောက်ယူခဲ့သည့် အမှုအရေအတွက် စုစုပေါင်း = ၁,၁၁၃ မှု

## အမှုတွဲများအလိုက် ဆန်းစစ်ချက်

### ၁။ အမှုတွဲအမျိုးအစားအသီးသီးအတွက် ယေဘုယျ အောင်မြင်မှု နှုန်းထား

*ကျိုင်းတုံမြို့နယ်တွင် ကူညီပံ့ပိုးပေးခဲ့ရသည့် အမှုသည်အရေအတွက်မှာ လိုင်သာယာနှင့်နှိုင်းစာလျှင်မှု အတော်ပင် နည်းပါးနေသည်။ ထိုသို့ဖြစ်ရခြင်းမှာ လိုင်သာယာမှ ဥပဒေအထောက်အကူပြုသူများတွင် "ဖွင့်လှစ်ထား" အမှုအရေ အတွက်များပြားလွန်းခြင်း၊ ဒုတိယအချက်မှာ လိုင်သာယာမြို့နယ်တွင် ဥပဒေအထောက်အကူပြုသူအရေအတွက်မှာ စီမံချက်ကာလတစ်လျှောက်လုံးတွင် ရှစ်ဦးအဖြစ် ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်နေသောကြောင့်ဖြစ်သည်။ ထို့အပြင် လိုင်သာယာမြို့နယ်တွင် လူနေထူထပ်ပြီး ကျိုင်းတုံမြို့နယ်တွင်မူ ကြီးမားကျယ်ပြန့်သည့် ကျေးလက်ဒေသများတွင် ပြန့်ကျဲတည်ရှိနေခြင်းကလည်း အကြောင်းပြချက်တစ်ရပ်ဖြစ်သည်။ မည်သို့ဆိုစေ အဆိုပါဒေသနှစ်ခုရှိ အမှုတွဲများအတွက် အောင်မြင်မှုရာခိုင်နှုန်းကမူ သိသိသာသာ ကွဲပြားခြားနားနေပေသည်။ ကျိုင်းတုံတွင် အောင်မြင်မှုရာခိုင်နှုန်းမှာ အမှုတွဲ စုစုပေါင်း၏ ၈၁ % ဖြစ်သော်လည်း လိုင်သာယာတွင်မူ ၂၉ % သာ ရှိသည်။*

*အောင်မြင်မှုရာခိုင်နှုန်း ယခုကဲ့သို့ သိသိသာသာကွဲပြားခြားနားရခြင်းအတွက် အဓိကကျသည့် အကြောင်းပြချက် (၄) ရပ်အဖြစ် Braveheart အဖွဲ့မှ လေ့လာတွေ့ရှိခဲ့ရသည်မှာ -*

*၁) ကျိုင်းတုံမှ အမှုသည်အားလုံးနီးပါးသည် ၎င်းတို့လက်ရှိနေထိုင်ရာဒေသတွင် ပြောင်းရွှေ့ခြင်းမရှိဘဲ အတည်တကျနေထိုင်လာခဲ့ကြသူများဖြစ်သည်။ လိုင်သာယာတွင်မူ အခြားဒေသမှပြောင်းရွှေ့လာကြသူများဖြစ်သဖြင့် ၎င်းတို့၏လျှောက်ထားမှုများမှာ ပုံမှန်အားဖြင့် အချိန်ပိုကြာတတ်ပြီး မပြီးမပြတ်ဖြစ်နေတတ်သည်။ တစ်ခါတရံတွင် ၎င်းတို့၏အိမ်ထောင်စုစာရင်းအမည်ပေါက်ရာ ဇာတိမြေသို့ ပြန်သွားခိုင်းတတ်ခြင်းမျိုးလည်း ရှိနေပြန်သည်။ ဆိုရှယ်လစ်ခေတ်တွင် လူအများစုမှာ မိမိမွေးဖွားရာဒေသတွင်သာ ပြောင်းရွှေ့ခြင်းမပြုဘဲ အတည်တကျနေထိုင်တတ်ကြသည်ဟူ၍ မှတ်ယူထားရာ ဤစနစ်ကိုလည်း ထိုစဉ်ကအခြေအနေပေါ်တွင်မူတည်၍ ရေးဆွဲထားခြင်းဖြစ်သည်။*

၂) *လျှောက်ထားမှုလုပ်ငန်းစဉ်အတွင်း အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရမှုကြောင့် လှိုင်သာယာမြို့နယ်မှ အမှုသည် အများအပြားသည် ဆက်လက်လျှောက်ထားခြင်းမပြုတော့ကြသောကြောင့် အောင်မြင်မှုရာခိုင်နှုန်းမှာ ပိုမိုကျဆင်းခဲ့ရခြင်း ဖြစ်သည်။*

၃) *လှိုင်သာယာမြို့နယ်တွင် တိုင်းရင်းသားမဟုတ်သူများနှင့် အိမ်ထောင်ကျခြင်းများကလည်း အများအပြားရှိနေသည် (မွေးရာပါနိုင်ငံသားနှင့် အနောက်၊ တောင်နှင့် အရှေ့တို့မှ အာရှနွယ်ဖွားများနှင့် အိမ်ထောင်ပြုကြခြင်းများကို ဆိုလိုသည်)။ အဆိုပါအမှုသည်များ၏ လျှောက်ထားမှုများသည် ပြည်ထောင်စုအဆင့်အထိ ခွင့်ပြုချက်တောင်းခံကြရသည်ဖြစ်ရာ အောင်မြင်ရန် ပိုမိုခက်ခဲ/ကြန့်ကြာတတ်ပေသည်။ မွေးရာပါနိုင်ငံသားများအတွက်မူ မြို့နယ်အဆင့်မှာပင် စိစစ်အတည်ပြုပေးနိုင်သည်။*

၄) *လှိုင်သာယာတွင် "ဖွင့်လှစ်ထား" အမှုအရေအတွက်မှာ ၄၆ % ဖြင့် အလွန်များပြားလွန်းနေပြီး (၁,၁၁၃ မှုတွင် ၅၁၃ မှု) ကျိုင်းတုံတွင်မူ ၉ % သာ (၈၄၅ မှုအနက် ၇၇ မှု) ရှိသည်။*

*"ဖွင့်လှစ်ထား" ဆိုသော အမှုတွဲများမှာ ဥပဒေအထောက်အကူပြုသူများက ပညာပေးလုပ်ငန်းများဆောင်ရွက်ပြီး ချိတ်ဆက်ထားသည့် အမှုသည်များ၊ ၎င်းတို့နှင့်ပတ်သက်သည့် အချက်အလက်များကို အမှုတွဲမှတ်တမ်းတွင် ရေးသွင်းထားသော အမှုသည်များကိုရည်ညွှန်းပါသည်။ သို့ရာတွင် အဆိုပါအမှုသည်များသည် စာရွက်စာတမ်းလျှောက်ထားမှုလုပ်ငန်းစဉ်များကို စတင်ရခြင်း မရှိသေးပေ။ "လျှောက်ထားဆဲ" အမှုတွဲကမူ လျှောက်ထားမှုလုပ်ငန်းစဉ်များကို စတင်ခဲ့ပြီးဖြစ်သော်လည်း အဖြေရလဒ် မသိရှိရသေးသည့် အမှုသည်များကို ဆိုလိုပါသည်။ "အောင်မြင်" ဆိုသော အမှုတွဲများကမူ လျှောက်ထားသည့် စာရွက်စာတမ်းများကို အောင်မြင်စွာ လက်ခံရရှိခဲ့သည့် အမှုသည်များဖြစ်သည်။ "ပိတ်သိမ်း" အမှုတွဲဆိုသည်မှာ လျှောက်ထားသည့် စာရွက်စာတမ်းအတွက် ငြင်းပယ်ခံခဲ့ရသော သို့မဟုတ် အမှုသည်ကိုယ်တိုင်မှ ဆက်လက်လျှောက်ထားရန် စိတ်ဝင်စားမှုမရှိတော့သော အမှုမျိုးကို ရည်ညွှန်းပါသည်။*




*ဇယား ၁ - ကျိုင်းတုံအမှုတွဲများ၏ အခြေအနေအလိုက် နှိုင်းယှဉ်ချက်*




*ဇယား ၂ - လှိုင်သာယာအမှုတွဲများ၏ အခြေအနေအလိုက် နှိုင်းယှဉ်ချက်*

## ၂။ အမှုအမျိုးအစားနှင့် အမှုတွဲအခြေအနေများ

ဤစီမံချက်တွင် အဓိကအမှုအမျိုးအစားအနေဖြင့် လေးမျိုးသတ်မှတ်ထားပါသည် -

၁) အိမ်ထောင်စုစာရင်း အသစ်လျှောက်ထားခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ထပ်ထည့်ခြင်း အမှုတွဲ (အထစ)

၂)  မွေးစာရင်းလက်မှတ် အမှုတွဲ (မွေးစာရင်း)

၃)  နိုင်ငံသားစိစစ်ရေးကတ်ပြား (နိုင်ကတ်) - ပန်းရောင်ကတ်ပြားကို ရည်ညွှန်းပါသည်။ နိုင်ငံသား ဟုတ်မဟုတ်ကို သက်သေခံပေးနိုင်သည့် အရေးကြီးစာရွက်စာတမ်းတစ်ခုဖြစ်သည်။

၄)  နိုင်ငံသားအဖြစ် အစစ်ဆေးခံမည့်သူ၏ သက်သေခံကတ်ပြား (ICNV) - နိုင်ကတ် သို့မဟုတ် အလားတူကတ်ပြား တစ်ခုခုကို ရရှိနိုင်ရန်အတွက် လျှောက်ထားလိုသူများအား ထုတ်ပေးထားသည့် ယာယီသက်သေခံကတ်ပြားတစ်မျိုး ဖြစ်သည်။ သို့သော် Braveheart အဖွဲ့မှ စာရင်းကောက်ယူခဲ့သည့် အမှုများတွင် အမှုသည်များသည် ၎င်းတို့၏ လက်ဝယ်ရှိ ယာယီသက်သေခံကတ်ပြား (ဖြူကတ်) သို့မဟုတ် အလားတူကတ်ပြားများကို နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် လဲလှယ်လိုကြသည်။ စီမံချက်နယ်မြေနှစ်ခုလုံးတွင် ICNV အမှုမျိုးကို မတွေ့ဖူးသေးပါ။ သို့ရာတွင် အမှုတွဲအမျိုးအစားသည် အထက်ဖော်ပြပါသုံးမျိုးတွင် ပါဝင်ခြင်းမရှိပါက "အခြား" အနေဖြင့် ဤအမျိုးအစားထဲတွင် ထည့်သွင်းမှတ်တမ်းတင်ခြင်းဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမည်ဆိုပါက မွေးစာရင်းနှင့် ကာယကံရှင်အမည်ပါရှိသည့် အိမ်ထောင်စုစာရင်း တို့မှာ မရှိမဖြစ်လိုအပ်သည့်အရာများဖြစ်ပြီး တိုင်းရင်းသားဟုတ်မဟုတ်အတွက် အထောက်အထားအဖြစ် မိဘနှစ်ပါး၏ နိုင်ကတ်များကိုလည်း တင်ပြဖို့လိုပါသည်။ ထို့ကြောင့် မွေးစာရင်းနှင့် အထစတို့အတွက် အမှုတွဲများကောက်ယူခဲ့ရခြင်းမှာ နိုင်ကတ်လျှောက်ထားမှုအတွက် ပဏာမအဆင့်များဖြစ်သောကြောင့် ဖြစ်ပါသည်။

*ယခုဖော်ပြထားသည့် အချက်အလက်မှတ်တမ်းများတွင် ကျိုင်းတုံနှင့် လွိုင်သာယာတို့အကြားတွင် သိသိသာသာ ကွဲပြားခြားနားမှုများရှိနေသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း အတည်တကျနေထိုင်သူများနှင့် ပြောင်းရွှေ့သွားလာနေ ကြသူများဟူ၍ မတူညီကြခြင်းကြောင့်ဖြစ်ပါသည်။ ရွှေ့ပြောင်းသွားလာသူများပြားလှသဖြင့် လွိုင်သာယာတွင် ကောက်ယူခဲ့သောအမှုများအနက် အိမ်ထောင်စုစာရင်းအတွက်အမှုများမှာ ကျိုင်းတုံထက် သိသာစွာများပြားနေ ပါသည်။ အိမ်ထောင်စုစာရင်းအသစ် ပြောင်းလဲလျှောက်ထားခြင်း၊ အခြားဒေသမှလူများနှင့် အိမ်ထောင်ကျခြင်း အစရှိသည့် ကိစ္စရပ်များရှိနေပြီး ထိုသို့ဆောင်ရွက်ရာတွင်လည်း မူလအိမ်ထောင်စုစာရင်းအမည်ပေါက်ရာဒေသ၌ မဟုတ်ဘဲ ယခုရောက်ရှိနေသည့်လွိုင်သာယာတွင်သာ ဆောင်ရွက်နေကြရသည်။*

*အခြားမှတ်သားဖွယ်အချက်တစ်ခုမှာ အိမ်ထောင်စုစာရင်းလျှောက်ထားရာတွင် တည်မြဲနေရပ်လိပ်စာကို ဖော်ပြ ရမည်ဖြစ်ရာ လွိုင်သာယာရှိ ရွှေ့ပြောင်းအခြေချကြသူများနှင့် ကျူးကျော်ပုံကျနေထိုင်သူများအဖို့ ၎င်းတို့နေထိုင် သည့် နေရပ်လိပ်စာအတိအကျကို မဖော်ပြနိုင်ကြသဖြင့် အခက်ကြုံနေရပြန်သည်။*




*ဇယား ၃ - ကျိုင်းတုံအမှုတွဲများ၏ အမှုအမျိုးအစား စုစုပေါင်း*




*ဇယား ၄ - လှိုင်သာယာအမှုတွဲများ၏ အမှုအမျိုးအစား စုစုပေါင်း*




*ဇယား ၅ - ကျိုင်းတုံအမှုတွဲများ၏ အမှုအမျိုးအစားနှင့် အခြေအနေ နှိုင်းယှဉ်ချက်*




*ဇယား ၆ - လှိုင်သာယာအမှုတွဲများ၏ အမှုအမျိုးအစားနှင့် အခြေအနေ နှိုင်းယှဉ်ချက်*

## အမှုသည်နှင့်ပတ်သက်သည့် အချက်အလက်များ

### ၁။ ကျား-မ အချိုးအစား

*အစပိုင်းတွင်မူ ကျိုင်းတုံမြို့နယ်မှ အမှုသည်များအနက် အမျိုးသားအရေအတွက်မှာ အမျိုးသမီးအရေအတွက်ထက် ပိုမိုများပြားနေခဲ့သည်။ နောက်ပိုင်းတွင်မူ ဥပဒေအထောက်အကူပြုသူများ၏ ကြိုးပမ်းအားထုတ်မှု၊ ကျား-မရေးရာနှင့်ပတ်သက်၍ My Justice မှ စီစဉ်ပံ့ပိုးပေးခဲ့သော အမြင်ဖွင့်သင်တန်းများကြောင့် အမျိုးသားနှင့် အမျိုးသမီးအမှုသည်အရေအတွက်တို့ အကြား ကွာဟမှုများကျဉ်းမြောင်းလာခဲ့သည်။*

*လှိုင်သာယာမြို့နယ်တွင်မူ အမျိုးသမီးအမှုသည်အရေအတွက်မှာ အမျိုးသားနှင့် အခြားတို့ထက် သိသာစွာကျော်လွန်နေပေသည်။ ထိုကဲ့သို့ အမျိုးသမီးအမှုသည်အရေအတွက် များပြားနေရခြင်းမှာ အမျိုးသမီးတို့သည် ၎င်းတို့ဝင်ရောက်ကြမည့် လုပ်ငန်းခွင်အလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြား လိုအပ်ချက်များကြောင့်ဖြစ်မည်ဟု သုံးသပ်ရပါသည်။ စက်ရုံများအနေဖြင့် (အခြားလုပ်ငန်းခွင်များတွင်လည်း ထိုကဲ့သို့ ကျင့်သုံးသင့်သည်ဟု ဥပဒေများတွင်ပြဌာန်းထားသည်) ထိုကဲ့သို့ အထောက်အထားစာရွက်စာတမ်းများကို ပိုမိုတောင်းဆိုလာကြခြင်းကြောင့်ဖြစ်ပြီး အမျိုးသားများကမူ ဆောက်လုပ်ရေး၊ ဆိုင်ကယ်ကယ်ရီဆွဲခြင်း အစရှိသည်ဖြင့် အထောက်အထားမရှိလည်း လုပ်ကိုင်နိုင်သော အခွင့်အလမ်း ပိုမိုများပြားပေသည်။ ထို့ပြင် အခြားမှတ်သားဖွယ်အချက်တစ်ခုမှာ ဥပဒေအထောက်အကူပြုသူတစ်ဦးအား LGBT အမှုသည်များအတွက် သီးသန့်တာဝန်ပေးအပ်ထားရာ အချို့အမှုသည်များ အထူးသဖြင့် ဆန့်ကျင်ဖက်လိင်ကဲ့သို့ ဝတ်စားဆင်ယင်ထားကြသူများသည် ၎င်းတို့အား "အခြား" အမျိုးအစား၌သာ ဖော်ပြပေးစေလိုကြခြင်းဖြစ်သည်။ ကျိုင်းတုံတွင်မူ ထိုသို့သော အမှုသည်မျိုး မတွေ့ခဲ့ရပေ။*




*ဇယား ၇ - ကျိုင်းတုံအမှုသည်များအား ကျား-မ ခွဲခြားပြသထားပုံ*




*ဇယား ၈ - လှိုင်သာယာအမှုသည်များအား ကျား-မ ခွဲခြားပြသထားပုံ*

## ၄။ အမှုသည်၏ အသက်အရွယ်

*ကျိုင်းတုံနှင့် လှိုင်သာယာတို့မှ အမှုသည်များအား နှိုင်းယှဉ်ကြည့်ရာတွင် အသက်အရွယ်ပိုင်း၌ သိသာစွာ ကွဲပြားခြားနားနေပေသည်။ အသက်အရွယ်အုပ်စုများကို ၁၉၈၂ နိုင်ငံသားဥပဒေ၏ လုပ်ထုံးလုပ်နည်းပါ ဝန်ကြီးအဖွဲ့ကထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ[3] တွင်ပါရှိသည့်အတိုင်း ခွဲခြားဆန်းစစ်ထားပါသည်။ ဤအသက်အရွယ်များသည် နိုင်ငံသားစိစစ်ရေးကတ်ပြား စတင်လျှောက်ထားရမည့် သို့မဟုတ် အခြားကတ်တစ်ခုဖြင့် လဲလှယ်ကိုင်ဆောင်ရမည့် အသက်အရွယ်များဖြစ်သည်။*




*ဇယား ၉ - ကျိုင်းတုံအမှုသည်များအား အသက်အလိုက် ခွဲခြားပြသထားပုံ*




*ဇယား ၁၀ - လှိုင်သာယာမှုသည်များအား အသက်အလိုက် ခွဲခြားပြသထားပုံ*

[3] ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ဝန်ကြီးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၃/၈၃

*ကျိုင်းတုံမှ အမှုသည်များသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် လွတ်လပ်စွာသွားလာခွင့်အတွက် အထောက်အထားစာရွက်စာတမ်းများကို လိုချင်ကြသည်။ ထို့ကြောင့် အမှုသည်အများစုမှာ အသက် (၁၁) မှ (၁၈) အတွင်းရှိ လူငယ်များဖြစ်ကြသည်။ ထို့အပြင် အသက်ငယ်ရွယ်သူများနှင့် လုပ်ငန်းခွင်ဝင်နိုင်သည့် အရွယ်ကောင်းများကလည်း နိုင်ကတ်များ လျှောက်ထားရယူလိုကြသည်။ အသိပညာပေးပွဲများ တက်ရောက်အပြီးတွင်မှ အလုပ်အကိုင်အခွင့်အလမ်းအတွက် လျှောက်ထားလိုကြသည့် လူငယ်များရှိသကဲ့သို့ စာရွက်စာတမ်းများ၏တန်ဖိုးကို သိမြင်လာသဖြင့် ကိုင်ဆောင်ထားလိုကြသူများလည်း ရှိလာသည်။*

*လှိုင်သာယာမြို့နယ်တွင်မူ လုပ်ငန်းခွင်ဝင်ရောက်ရန်အတွက်ကိုသာ ဦးစားပေးလျှောက်ထားလိုကြသည့် အရွယ်ကောင်းများဖြစ်သော အသက် (၁၉) မှ (၆၁) ကြား အမှုသည်က အများစုဖြစ်သည်။*

## ၅။ အမှုသည်၏ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

*ကျိုင်းတုံနှင့် လှိုင်သာယာတို့မှ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသည့် အမှုသည်အရေအတွက်မှာ ယေဘုယျအားဖြင့် အတူတူပင်ဖြစ်သည်။ ကျိုင်းတုံတွင်မူ နတ်ကိုးကွယ်သူအချို့ကို တွေ့ရှိရသည်။ ရှမ်းအပြင် အခြားသော မျိုးနွယ်စုဝင်များကိုလည်း ကူညီပံ့ပိုးပေးနိုင်ခဲ့သည်။ လှိုင်သာယာသည် စီးပွားရေးလုပ်ငန်းများထွန်းကားသည့်မြို့နယ်ဖြစ်သောကြောင့် ဧရာဝတီတိုင်းဒေသကြီးမှ ရွှေ့ပြောင်းလာကြသူများပြားပြီး ၎င်းတို့အများစုမှာ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာများပင်ဖြစ်ကာ လူဦးရေစုစုပေါင်း၏ အများစုဖြစ်ကြသည်။*




*ဇယား ၁၁ - ကျိုင်းတုံအမှုသည်များ၏ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ*




*ဇယား ၁၂ - လှိုင်သာယာအမှုသည်များ၏ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ*

## ၆။ လူမျိုးများအလိုက် အမှုတွဲအခြေအနေ နှိုင်းယှဉ်သုံးသပ်ချက်

*မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုတစ်ခုဖြစ်သည့် ပလောင်ကို လက်ရှိအသုံးပြုနေသော အမှုတွဲကောက်ခံမှုမှတ်တမ်း၌ ထည့်သွင်းမထားရသေးပေ။ ကျိုင်းတုံမြို့နယ်တွင် ပညာပေးအစီအစဉ်များ ဆောင်ရွက်ပြီးသောအခါတွင်မှ အမှုတွဲမှတ်တမ်း အတွင်း၌ ပလောင်လူမျိုးအား ရွေးချယ်စရာတစ်ခုအနေဖြင့် သီးခြားထပ်ထည့်သင့်ကြောင်း သိမြင်လာခဲ့သည်။ လိုင်သာယာ အတွက်ကိုမူ အခြားသောလူမျိုးများဆိုရာတွင် တိုင်းရင်းသားလူမျိုးအချင်းချင်းနှင့် အခြားပေါင်းဖက်မှုများကို ထည့်သွင်း ကောက်ယူခဲ့ပါသည်။*




*ဇယား ၁၃ - ကျိုင်းတုံအမှုသည်များ၏ လူမျိုးအလိုက် အမှုတွဲအခြေအနေများ*




*ဇယား ၁၄ - ကျိုင်းတုံအမှုသည်များ၏ လူမျိုးအလိုက် အမှုတွဲအခြေအနေများ*

## ၇။ "အခြား" လူမျိုးများအလိုက် အမှုတွဲအခြေအနေများ

"အခြား" ဆိုသော အမှုသည်၏ လူမျိုး၊ အမှုတွဲအခြေအနေတို့နှင့်ပတ်သက်၍ အသေးစိတ်ကို အောက်ပါကားချပ်တွင် ခွဲခြား ဖော်ပြပေးထားပါသည်။ ဖော်ပြပါအမျိုးအစားများသည် တိုင်းရင်းသားလူမျိုးအကြောင်းကို ဖော်ပြထားသည့်စာရင်း (Dropdown List) တွင် မပါဝင်ပေ။ ထို့ကြောင့်လည်း အဆိုပါအမှုသည်များကို အခြားအုပ်စုတွင် ရောနှောထည့်သွင်း ထားခြင်းဖြစ်သည်။




*ဇယား ၁၅ - ကျိုင်းတုံအမှုသည်များအနက် "အခြား"လူမျိုးအလိုက်နှင့် အမှုတွဲအခြေအနေ*




*ဇယား ၁၆ - လှိုင်သာယာအမှုသည်များအနက် "အခြား"လူမျိုးအလိုက်နှင့် အမှုတွဲအခြေအနေ*

## ၈။ ပြီးမြောက်ခဲ့သည့် ပညာရေးအဆင့်အတန်း

*ကျိုင်းတုံမှ အမှုသည်အများစုမှာ တောသူတောင်သားများဖြစ်ကြပြီး ထိုင်းကဲ့သို့ အိမ်နီးချင်းနိုင်ငံများတွင် အလုပ်ကြမ်းသမား သို့မဟုတ် ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်ကြသူများဖြစ်ရာ စာမတတ်သူ၊ အထက်တန်းအဆင့်အောက် မျှသာ ပညာသင်ကြားဖူးကြသူများသည်။ လှိုင်သာယာအမှုသည်အများစုကမူ အထက်တန်းအောက်အဆင့်ဆိုသော်ငြား မြန်မာစာကို ကျွမ်းကျင်စွာ ရေးတတ်၊ ဖတ်တတ်ကြသည်။*




*ဇယား ၁၇ - ကျိုင်းတုံအမှုသည်များ၏ ပညာရေးပြီးမြောက်မှုအခြေအနေ*




*ဇယား ၁၈ - လှိုင်သာယာအမှုသည်များ၏ ပညာရေးပြီးမြောက်မှုအခြေအနေ*

## ၉။ အမှုသည်၏ ဘာသာစကားတတ်ကျွမ်းမှု

*နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများ လျှောက်ထားမှုလုပ်ငန်းစဉ်ကို မြန်မာစာအပေါ်တွင်သာ အခြေခံထားပြီး စာရွက်စာတမ်းအားလုံးမှာလည်း မြန်မာစာနှင့်ပင်ဖြစ်သည်။ ထို့အပြင် လဝကအရာရှိအများစုမှာလည်း ဗမာလူမျိုးများဖြစ်ရာ ဗမာဘာသာစကားကျွမ်းကျင်မှု အားနည်းကြသည့် တိုင်းရင်းသားများသည် ဌာနဆိုင်ရာများနှင့် ထိတွေ့ဆက်ဆံရမည်ကို ဝန်လေးတတ်ကြသည်။*

*ဗမာစကားတတ်ကျွမ်းမှုကို နှိုင်းယှဉ်ကြည့်မည်ဆိုပါကလည်း ကျိုင်းတုံမှ အမှုသည်အများစုမှာ ရှမ်းပြည်နယ်တွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ ဖြစ်သည့်အပြင် ကျောင်းနေဖူးခြင်းလည်း မရှိကြသည့်လျှောက် မြန်မာစာနှင့် ဗမာစကားတို့ကို ပြော၊ ဖတ်၊ ရေး တို့၌ မကျွမ်းကျင်ကြပေ။ သို့ဖြစ်ရာ ကျိုင်းတုံမှ ဥပဒေအထောက်အကူပြုသူများသည် ၎င်းတို့၏ အမှုသည်များအား လျှောက်ထားမှုပုံစံများ၌ မြန်မာလိုရေးသားဖြည့်သွင်းရာတွင် အကူအညီပေးကြရသည်။ ထို့အပြင် လဝကရုံးသို့သွားသည့်အခါတိုင်းတွင်လည်း အဖော်လိုက်ပေးနေရသည်။ ရုံးတွင် ဘာသာပြန်ပေးဖို့ လိုအပ်နိုင်သောကြောင့် ဥပဒေအထောက်အကူပြုသူများက အမှုသည်များအား အုပ်စုလိုက်စုစည်းပြီး လဝကရုံးသို့လိုက်ပို့ပေးကြရသည်။ လှိုင်သာယာတွင်မူ အမှုသည်အားလုံးနီးပါးမှာ ဗမာလူမျိုးများဖြစ်သောကြောင့် ဗမာစကားတတ်ကျွမ်းမှုနှင့် စာရေးခြင်းတို့အတွက် အခက်အခဲမရှိပေ။*




*ဇယား ၁၉ - ကျိုင်းတုံအမှုသည်များ၏ မြန်မာစာအရေးအသား တတ်ကျွမ်းမှု*




*ဇယား ၂၀ - လှိုင်သာယာအမှုသည်များ၏ မြန်မာစာအရေးအသား တတ်ကျွမ်းမှု*




ဇယား ၂၁ - ကျိုင်းတုံအမှုသည်များ၏ ဗမာစကားပြော တတ်ကျွမ်းမှု




ဇယား ၂၂ - လိုင်သာယာအမှုသည်များ၏ ဗမာစကားပြော တတ်ကျွမ်းမှု

## လျှောက်ထားမှုလုပ်ငန်းစဉ်ဆိုင်ရာ အချက်အလက်များ

### ၁၀။ လျှောက်ထားရသည့် အကြောင်းအရင်း

ကျိုင်းတုံအမှုသည်များသည် အလုပ်ကိုင်အခွင့်အလမ်းအတွက် ပြည်တွင်းနှင့် ပြည်ပသို့ပါ ရွှေ့ပြောင်းသွားလာတတ်ကြသဖြင့် လွတ်လပ်စွာသွားလာနိုင်ခွင့်အတွက် နိုင်ကတ်ကိုလျှောက်ထားကြခြင်းဖြစ်သည်။ ဒုတိယအချက်အနေဖြင့်မှ မျိုးဆက်သစ်များအတွက် နိုင်ကတ်လျှောက်ပေးရန် လိုအပ်ချက်အတွက် မိဘများက လျှောက်ထားကြခြင်းဖြစ်သည်။ လိုင်သာယာရှိ အမှုသည်များကမူ ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးမြို့တော်တွင် နေထိုင်နေကြသူများဖြစ်သည့်အလျောက် လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန်အတွက် နိုင်ကတ်ကိုလျှောက်ထားကြခြင်းဖြစ်သည်။




ဇယား ၂၃ - ကျိုင်းတုံအမှုသည်များ၏ လျှောက်ထားရသည့် အကြောင်းရင်းများ




ဇယား ၂၄ - လိုင်သာယာအမှုသည်များ၏ လျှောက်ထားရသည့် အကြောင်းရင်းများ

## ၁၁။ ယခင် ဆောင်ရွက်ခဲ့ဖူးသည့် လုပ်ငန်းစဉ်များ

*ကျိုင်းတုံမြို့နယ်မှ အမှုသည်များသည် ဥပဒေအထောက်အကူပြုသူများမှ လာရောက်ချိတ်ဆက်ပြီး ပညာပေးအစီအစဉ်များ မဆောင်ရွက်မီက လျှောက်ထားမှုလုပ်ငန်းစဉ်နှင့်ပတ်သက်၍ မည်သို့မျှကြိုးစားခဲ့ကြဖူးခြင်းမရှိပေ။ စာရွက်စာတမ်းများသည် ဤမျှ အရေးပါပြီးအသုံးဝင်လိမ့်မည်ဟုလည်း မထင်မှတ်ကြသဖြင့် လျှောက်ထားကိုင်ဆောင်ရန် မကြိုးစားခဲ့ကြခြင်းဖြစ်သည်။ စိတ်ဝင်စားခဲ့ပါကလည်း မည်သို့လျှောက်ထားရမည်ကို မသိကြပေ။ တိုင်းရင်းသားလူမျိုးများဖြစ်ကြသည့်အလျောက် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ရာတွင်လည်း အခက်အခဲများ ရှိနေပြန်သည်။ လှိုင်သာယာမှ အမှုသည်များကမူ လက်လုပ်လက်စား အများစုဖြစ်ကြသဖြင့် လျှောက်ထားမှုစတင်ရန် ငွေကြေးမတတ်နိုင်ကြပေ။ မည်သို့ဆိုစေ စီမံချက်နယ်မြေနှစ်ခုလုံးတွင် ယခင်က လျှောက်ထားခဲ့ဖူးပြီး စာရွက်စာတမ်းများ ကိုင်ဆောင်ခဲ့ကြသည့် အမှုသည်များလည်း ရှိနေပါသေးသည်။ သို့သော် အဆိုပါကတ်ပြားများ ပျက်စီး သို့မဟုတ် ပျောက်ဆုံးသွားသည့်အခါတွင်မူ အသစ်ပြန်လည်လျှောက်ထားမှုကို မည်သို့မည်ပုံ စတင်ရမည်ကို မသိကြပေ။*




*ဇယား ၂၅ - ကျိုင်းတုံအမှုသည်များ၏ ယခင်က လျှောက်ထားခဲ့ဖူးသည့် အတွေ့အကြုံများ*




*ဇယား ၂၆ - လှိုင်သာယာအမှုသည်များ၏ ယခင်က လျှောက်ထားခဲ့ဖူးသည့် အတွေ့အကြုံများ*

Braveheart ၏ လုပ်ငန်းစဉ်များမတိုင်မီကတည်းက လျှောက်ထားခဲ့ဖူးပြီး ကတ်ပြားကိုင်ဆောင်ခဲ့ကြဖူးသည့် အမှုသည် ၁၆၆ ဦး ရှိကြောင်းကို အထက်ပါဇယားကွက်နှစ်ခုအရ တွေ့မြင်နိုင်ပေသည်။ အဆိုပါအမှုသည်များသည် အခြေအနေနှစ်မျိုးအား ကိုယ်စားပြုနေပါသည်။ (၁) ၁၆၆ ဦးအနက် အချို့မှာ ယခင်က အသက် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို လျှောက်ထားကိုင်ဆောင်ခဲ့ကြဖူးပြီး ယခုအခါ အသက် (၁၈)နှစ်ပြည့်နှင့် လဲလှယ်လိုကြသူများဖြစ်သည်။ (၂) အချို့ကမူ အသက် (၁၈) နှစ်ပြည့် နိုင်ကတ်များ လျှောက်ထားကိုင်ဆောင်ခဲ့ကြဖူးသော်လည်း ယခု ပျောက်ဆုံးသွားကြသူများဖြစ်သည်။ မည်သည့်အတွက်ကြောင့်ဖြစ်စေ ဖော်ပြပါ အမှုသည်များသည် လျှောက်ထားခြင်း သို့မဟုတ် ပြန်လည်လျှောက်ထားခြင်းကို

မည်သို့ဆောင်ရွက်ရမည်မှန်း မသိကြသူများဖြစ်သည်။ ထို့ကြောင့်လည်း ဤကဲ့သို့အမှုသည်များသည် လျှောက်ထားမှုများအတွက် Braveheart ၏ ဥပဒေအထောက်အကူပြုသူများထံမှ ကူညီပံ့ပိုးမှုများ လိုအပ်နေပေသေးသည်။

### ၁၂။ မည်သည့်အတွက်ကြောင့် ယခင်က မလျှောက်ထားဖြစ်ကြသနည်း

(ဤကဏ္ဍအတွက်မူ အမှုသည်များသည် အကြောင်းပြချက်များကို တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရွေးချယ်ကြရပါသည်။)

*လျှောက်ထားမှုလုပ်ငန်းစဉ်အကြောင်းကို မသိရှိကြခြင်းကြောင့် ကျိုင်းတုံမှ အမှုသည်အများစုသည် ဥပဒေအထောက်အကူပြုသူများက ပညာပေးအစီအစဉ်များ မလုပ်မီက လျှောက်ထားမှုကိစ္စရပ်များကို မကြိုးပမ်းခဲ့ကြဖူးပေ။ ဒုတိယအချက်အဖြစ် ဘာသာစကားအခက်အခဲရှိခြင်းကြောင့်လည်း လဝကရုံးသို့ သွားရောက်စုံစမ်းရန် မစွမ်းနိုင်ခဲ့ပေ။ ကျေးလက်ဒေသများတွင် နေထိုင်ကြခြင်းကြောင့် မြို့ပေါ်ရှိ အစိုးရဌာနများသို့ အရောက်သွားရန်မှာလည်း ကျိုင်းတုံဒေသခံများအတွက် မလွယ်ကူပေ။ လှိုင်သာယာအမှုသည်များကမူ သက်သေခံကတ်ပြား လျှောက်ထားရန်အတွက် လိုအပ်သည့် စာရွက်စာတမ်းများ မရှိသဖြင့် သောကြောင့်သာ အခက်ကြုံနေကြရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြားဒေသများမှ ပြောင်းရွှေ့လာကြသူများဖြစ်ပေရာ ဇာတိမြေကိုပြန်၍ အိမ်ထောင်စုစာရင်းများ သွားယူရန် မတတ်နိုင်ကြပေ။ မည်သို့ဆိုစေ လျှောက်ထားမှုလုပ်ငန်းစဉ်များ အကြောင်းကို နားမလည်ခြင်းက ဒေသနှစ်ခုစလုံးတွင် အဓိကအကြောင်းရင်းဖြစ်သည်ကို ညွှန်ပြနေပေသည်။*




*ဇယား ၂၇ - ကျိုင်းတုံအမှုသည်များ၏ ယခင်က မလျှောက်ထားခဲ့ရဖူးသည့် အကြောင်းအရင်းများ*




*ဇယား ၂၇ - ကျိုင်းတုံအမှုသည်များ၏ ယခင်က မလျှောက်ထားခဲ့ရဖူးသည့် အကြောင်းအရင်းများ*

### ၁၃။ အောင်မြင်ခဲ့သည့်အမှုများအလိုက် ကြာမြင့်ချိန်များ

*ကျိုင်းတုံမြို့မှ အမှုများတွင် လျှောက်ထားခဲ့သည့် သက်သေခံကတ်ပြားများကို သီတင်းပါတ်သုံးပါတ်အတွင်း ရရှိခဲ့ကြသည့် အမှုများမှာ အများဆုံးဖြစ်ပြီး သုံးပါတ်မှလေးပါတ်အတွင်း ရရှိခဲ့သည့် အမှုများမှာ ဒုတိယအများဆုံးဖြစ်ရာ (၂၈) ရက်ဟူသော တရားဝင်သတ်မှတ်ထားသည့်ကြာချိန်အတွင်း ဝင်သည်ဟုဆိုရပေမည်။ အခြားသောအမှုများ ကြန့်ကြာနေရခြင်းအတွက် ပုံစံ*

*တစ်သမတ်တည်းမရှိသော်ငြား လျှောက်ထားမှုလုပ်ငန်းစဉ်များ ကြန့်ကြာရခြင်းမှာ အောက်ဖော်ပြပါ အကြောင်းများကြောင့် ဖြစ်သည် -*

*၁) အမှုသည်များသည် ၎င်းတို့၏မိဘများ၏ တိုင်းရင်းသားလူမျိုး နှင့်/သို့မဟုတ် မူလဇစ်မြစ်များကို သက်သေပြနိုင်ရန်အတွက် ရုံးလက်ခံစာရွက်စာတမ်းများကို မွေးရပ်မြေသို့သွားရောက်ပြန်ယူရန် မတတ်နိုင်ကြသဖြင့် အထောက်အထားများ မတင်ပြနိုင်ခြင်း*

*၂) အချို့သောအမှုသည်များသည် အိမ်ထောင်စုစာရင်းအား ရှေးဦးစွာ လျှောက်ထားရန်လိုခြင်း (တိုးချဲ့ကွက်သစ် သို့မဟုတ် ကျူးကျော်နေထိုင်ကြသူများအတွက် ဤအဆင့်မှာပင် တစ်နေ့တတ်ကြသည်)*

*၃) အချို့အမှုသည်များသည် မိမိအမှုတွဲနှင့်ပတ်သက်သည့်အခြေအနေများကို လဝကရုံးတွင် ပုံမှန်စုံစမ်းမှုများ မပြုလုပ်ကြခြင်း*

*၄) အချို့အမှုသည်များကမူ လျှောက်ထားသည့်စာရွက်စာတမ်းများ ရရှိနေပြီဖြစ်သော်လည်း အချိန်အတော်ကြာမှ လဝကရုံးတွင် သွားရောက်ထုတ်ယူကြခြင်း*




*ဇယား ၂၉ - ကျိုင်းတုံအမှုတွဲများ၏ အောင်မြင်မှုအလိုက် ကြာမြင့်ချိန်များ*




*ဇယား ၃၀ - လှိုင်သာယာအမှုတွဲများ၏ အောင်မြင်မှုအလိုက် ကြာမြင့်ချိန်များ*

## အောင်မြင်ခဲ့သော အမှုများအနက် အမှုအမျိုးအစားနှင့် ကြာမြင့်ချိန်များ




*ဇယား ၃၁ - ကျိုင်းတုံအမှုတွဲများအနက် အောင်မြင်ခဲ့သည့်အမှုအမျိုးအစားအလိုက် ကြာမြင့်ချိန်များ*




ဇယား ၃၂ - လှိုင်သာယာအမှုတွဲများအနက် အောင်မြင်ခဲ့သည့်အမှုအမျိုးအစားအလိုက် ကြာမြင့်ချိန်များ

## ၁၄။ အမှုတွဲပိတ်သိမ်းခဲ့ရသည့် အကြောင်းအရင်းများ

*ဥပဒေအထောက်အကူပြုသူများသည် အမှုသည်များမှလျှောက်ထားခဲ့သည့် စာရွက်စာတမ်းများ လက်ခံရရှိခဲ့ပြီးသော အမှုတွဲများအား ပိတ်သိမ်းလေ့ရှိကြသည်။ သို့ရာတွင် အချို့သောအမှုသည်များသည် အခြားဒေသသို့ ပြောင်းရွှေ့သွားကြသဖြင့် နေရပ်လိပ်စာပြောင်းသွားသော အမှုတွဲများကိုလည်း ပိတ်သိမ်းရသည်မျိုးရှိသည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် လျှောက်ထားမှုလုပ်ငန်းစဉ်များသည် အချိန်ကြာမြင့်စွာကြန့်ကြာနေ၍ အမှုသည်များကိုယ်တိုင်မှ ဆက်လက်လျှောက်ထားလိုခြင်း မရှိတော့သဖြင့် ပိတ်သိမ်းရသည့် အမှုတွဲများလည်း ရှိတတ်ပါသေးသည်။ ဤအချက်များအတွက်ကိုမူ ကျိုင်းတုံနှင့် လှိုင်သာယာတို့အကြားတွင် သိသိသာသာ ကွဲပြားမှုများ မတွေ့ရပေ။*




ဇယား ၃၃ - ကျိုင်းတုံတွင် ပိတ်သိမ်းခဲ့ရသည့်အမှုတွဲများ၏ အကြောင်းအရင်းများ




ဇယား ၃၄ - လှိုင်သာယာတွင် ပိတ်သိမ်းခဲ့ရသည့်အမှုတွဲများ၏ အကြောင်းအရင်းများ

**အမှုတွဲများ ပိတ်သိမ်းရခြင်း၏ "အခြား" အကြောင်းအရင်းများ**

ဤကဏ္ဍတွင်မူ အမှုတွဲများ ပိတ်သိမ်းရခြင်း၏ "အခြား" အကြောင်းအရာများကို အသေးစိတ် ထပ်မံတူးဆွပြီး ဖော်ထုတ်တင်ပြပေးထားပါသည်။ မှတ်သားဖွယ်အချက်မှာ လှိုင်သာယာအမှုသည်များတွင် အမှုပိတ်သိမ်းရခြင်းအတွက် "အခြား" အကြောင်းပြချက်များစွာရှိနေသော်လည်း ကျိုင်းတုံအမှုသည်များတွင်မူ သိပ်မတွေ့ရပေ။




*ဇယား ၃၅ - ကျိုင်းတုံတွင် ပိတ်သိမ်းခဲ့ရသည့်အမှုတွဲများ၏ အခြားသောအကြောင်းအရင်းများ*




*ဇယား ၃၆ - လှိုင်သာယာတွင် ပိတ်သိမ်းခဲ့ရသည့်အမှုတွဲများ၏ အခြားသောအကြောင်းအရင်းများ*

## ၁၅။ တရားမဝင်ပေးချေခဲ့ရသည့် ငွေကြေးများ

*မြန်မာနိုင်ငံရှိ လာဘ်အစားဆုံးဌာနများတွင် လဝကသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ဟု ဝေဖန်မှုများထွက်ပေါ်နေချိန် လာဘ်ပေးခဲ့ရသည်ဆိုသော စာရွက်စာတမ်းလျှောက်ထားခဲ့သည့်အမှုတွဲများအား အသေးစိတ်ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် လာဘ်ပေးလာဘ်ယူမှုတွင် အခြားသူများလည်း ပါဝင်ပတ်သက်နေကြသည်ကို စိတ်ဝင်စားဖွယ်တွေ့ရှိရပါသည်။ အမှုသည်များသည် လာဘ်ငွေအဖြစ် မည်သူ့အား မည်ရွေ့မည်မျှပေးချေခဲ့ရသည်ကို ထုတ်ဖော်ပြောကြားလိုစိတ်မရှိကြပေ။ ပုံမှန်အားဖြင့် လာဘ်ပေးခဲ့ရခြင်းကိုလည်း ဝန်ခံလေ့မရှိကြပေ။ အကယ်၍ လာဘ်ပေးခဲ့ရခြင်းအတွက် ဝန်ခံပြောကြားခဲ့လျှင်သော်မှ မည်သူ့အားမည်သည့်အတွက်ပေးခဲ့ရခြင်းကိုမူ အမှုသည်အချို့ကသာ ပွင့်ပွင့်လင်းလင်း ထုတ်ပြောတတ်ကြသည်။ ထို့ကြောင့်လည်း စုစုပေါင်းအမှုတွဲများအနက် တရားမဝင် ငွေပေးခဲ့ရပါသည်ဆိုသော အမှုအရေအတွက်ကို အနည်းငယ်သာ ဖော်ထုတ်နိုင်ခဲ့ပါသည်။ စီမံချက်ဒေသနှစ်ခုအား နှိုင်းယှဉ်ကြည့်ရာတွင် မှတ်သားဖွယ်အချက်တစ်ခုမှာ လှိုင်သာယာမှ လာဘ်ပေးခဲ့ရသည်ဆိုသော အမှုတွဲများတွင် ငွေကြေးလက်ခံသူအနေဖြင့် လဝကဝန်ထမ်းများသာမကဘဲ အခြားသူများလည်း ပါဝင်ပတ်သက်နေပြီး ကျိုင်းတုံတွင်မူ လဝကဝန်ထမ်းများကိုသာ ပေးခဲ့ရပါသည်ဟု ဖော်ပြနေသည်။ ဒေသနှစ်ခုလုံးတွင် တူညီနေသည့်အချက်မှာ အမှုသည်များအနေဖြင့် စာရွက်စာတမ်းများထုတ်ယူသည့်အခါတွင် လက်ဖက်ရည်ဖိုးအဖြစ် မဖြစ်မနေပေးသင့်သည်ဟု မှတ်ယူသောကြောင့် ပေးခဲ့ရခြင်းဖြစ်သည်ဟု ပြောဆိုကြသည်။ ပေးခဲ့ရသည့်ပမာဏကို စုစမ်းကြည့်*


BRAVE HEART FOUNDATION

ရာတွင်လည်း ပျမ်းမျှအားဖြင့် ငါးထောင်ကျပ်မှ နှစ်သောင်းကျပ်အတွင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ငွေကို သိန်းချီ၍ပင် ပေးခဲ့ရသည်ဆိုသော ကောလဟာလများ ပုံမှန်ကြားနေရသော်လည်း ခိုင်မာသည့်အထောက်အထားများမရရှိခဲ့သဖြင့် ယခုရေးသားထားသည့် ဆန်းစစ်ချက်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။




ဇယား ၃၇ - ကျိုင်းတုံတွင် အောင်မြင်ခဲ့သည့်အမှုများအတွက် တရားမဝင် ငွေပေးချေခဲ့ရမှုများ




ဇယား ၃၈ - လှိုင်သာယာတွင် အောင်မြင်ခဲ့သည့်အမှုများအတွက် တရားမဝင် ငွေပေးချေခဲ့ရမှုများ

# အကြံပြုချက်များ

## နိုင်ငံတော်အစိုးရ

**စီမံချက်ကာလအတွင်း တွေ့ရှိချက်များအပေါ် အခြေခံ၍ နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ ထုတ်ပေးမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရအား အောက်ပါအတိုင်း အကြံပြုတင်ပြလိုပါသည် -**

- ဥပဒေပြင်ဆင်ရေး - လက်ရှိ ၁၉၈၂ နိုင်ငံသားဥပဒေသည် အခြေအနေ လေးရပ်ကြောင့် ပြင်ဆင်ပြဌာန်းဖို့ လိုအပ်နေပါသည်။ ၁) ဤဥပဒေသည် ခေတ်နောက်ကျနေပြီဖြစ်ပြီး အဓိကတာဝန်ရှိသည့် ဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့တို့ကို အစားထိုးပြဌာန်းပေးရပါမည်။ ၂) နိုင်ငံမဲ့ဖြစ်ပွားနိုင်ခြေများ လျှော့ချရေးနှင့် အကာအကွယ်ပေးရေးတို့အတွက် လုံလောက်သောပြဌာန်းချက်များ မပါရှိသဖြင့် အငြင်းပွားဖွယ်ရာဖြစ်နေပါသည်။ ၃) မိဘတစ်ခြမ်းပဲ့ဖြစ်နေသော၊ မိဘမဲ့ဖြစ်နေသော၊ စွန့်ပစ်ခံထားရသော ကလေးသူငယ်များအတွက် နိုင်ငံသားဖြစ်ခွင့်အား မည်သို့သတ်မှတ်ပြီး ပေးအပ်သွားမည်ဆိုသော ပြဌာန်းချက်များ တိတိကျကျ ထည့်သွင်းပြဌာန်းထားခြင်း မရှိပါ။ ၄) အပြီးသတ်ဆုံးဖြတ်ချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကမဟုတ်ဘဲ ဝန်ကြီးအဖွဲ့ကသာ ချမှတ်ရမည်ဟု ပြဌာန်းထားရာ အချုပ်အခြာအာဏာ ခွဲဝေကျင့်သုံးမှု[4]နှင့်ပတ်သက်၍ အငြင်းပွားဖွယ်ဖြစ်နေပါသည်။

- လက်ရှိကျင့်သုံးနေသည့်စနစ်အား ပြုပြင်ပြောင်းလဲခြင်း - လက်ရှိကျင့်သုံးနေသည့် ယန္တရားစနစ်၏ အချို့သော အစိတ်အပိုင်းများကို ပြုပြင်ပြောင်းလဲမှသာလျှင် ပြည်သူလူထုအား ပို၍အလုပ်အကျွေးပြုလာနိုင်မည်ဖြစ်သည်။ နိုင်ငံသားကတ် ထုတ်ပေးခြင်းအတွက် တရားဝင်သတ်မှတ်ထားသည့် နှုန်းထားများဖြစ်သော (၃ ကျပ်၊ ၆ ကျပ် နှင့် ၁၀ ကျပ်) တို့ကို မျက်မှောက်ခေတ်နှင့်ကိုက်ညီစေရန် သင့်တင့်သောနှုန်းထားများဖြင့် အစားထိုးပေးသင့်ပါသည်။ ထို့အပြင် လျှောက်ထားမှုလုပ်ငန်းစဉ်အတွက် ကြာမြင့်မည့်အချိန်၊ လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် လုပ်ငန်းအဆင့်အသေးစိတ်တို့ကို အများပြည်သူသိရှိစေရန် ကြေငြာပေးထားသင့်ပါသည်။ (လက်ရှိတွင် ကြေငြာပေးထားသည်ဆိုသော်ငြား ဝန်ထမ်းများကိုယ်တိုင်ကပင် အတိအကျလိုက်နာခြင်းမရှိသဖြင့် မည်သူကမှ အလေးမထားကြတော့ပေ။) ဤသို့ဆောင်ရွက်ခြင်းအားဖြင့် ဌာန၏ ပွင့်လင်းမြင်သာမှုကို ပိုမိုကောင်းမွန်လာစေပြီး လာဘ်ပေးလာဘ်ယူကိစ္စများကိုလည်း လျော့ကျစေပါမည်။

- ရင်းမြစ်များ ခွဲဝေချထားပေးခြင်း – လုံလောက်သော ဝန်ထမ်းအင်အားအပါအဝင် လိုအပ်သောရင်းမြစ်များကို ခွဲဝေချထားပေးသင့်ပါသည်။ လက်ရှိတွင် လဝကရုံးများတွင် ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် ပြင်ပမှ လုပ်အားပေးများကို နေ့စားအဖြစ် ခေါ်ယူခန့်ထားနေရရာ အချိန်ကြာလာသည်နှင့်အမျှ ထိုသူများကိုယ်တိုင်ကပင် အမှုပွဲစားများ ဖြစ်လာတတ်ကြပါသည်။ ထို့အပြင် ဖြစ်နိုင်မည်ဆိုပါက ဝန်ထမ်းဖွဲ့စည်းပုံကိုလည်း ဝန်ဆောင်မှုပေးရသည့် လူဦးရေအပေါ် မူတည်၍ သတ်မှတ်ပေးသင့်ပါသည်။ (လှိုင်သာယာမြို့နယ်ရှိ လဝကရုံးတွင် စုစုပေါင်း ဝန်ထမ်းဦးရေမှာ (၁၈) ဦးသာရှိပြီး လူဦးရေ တစ်သန်းကျော်ကို ဝန်ဆောင်မှုပေးနေရသည်)။

---

[4] နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်။ - အခန်း (၁)၊ ပုဒ်မ ၁၁ (က)၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ။

## အရပ်ဘက်လူမှုအဖွဲ့အစည်းများ

- အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်း၌ မည်သည့်နေရာဒေသတွင်မဆို မိမိတို့၏ စီမံချက်လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရာတွင် နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းနှင့်ပတ်သက်သည့် ပြဿနာများကိုလည်း စူးစမ်းလေ့လာပြီး အကူအညီပေးသင့်ပါသည်။ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများ သို့မဟုတ် ဥပဒေဆိုင်ရာ အထောက်အထားဆိုသည်မှာ ဥပဒေအသီးသီးက ရည်ညွှန်းထားသည့် နိုင်ငံသား အခွင့်အရေး ခံစားခွင့်ရှိသူ မြန်မာနိုင်ငံသားဖြစ်ကြောင်းကို သက်သေပြရန်အတွက် အခြေခံလိုအပ်ချက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့အဖွဲ့အစည်းမှ ကြိုးပမ်းဖော်ဆောင်နေသည့် အခြားသော အခွင့်အရေးများကို ခံစားနိုင်စေရန် ဤအချက်ကို ရှေးဦးစွာ ဖြည့်ဆည်းပေးထားသင့်ပါသည်။
- အထူးသဖြင့် ဥပဒေရေးရာစွမ်းဆောင်ရည်မြင့်မားရေးကို ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံသားအခွင့်အရေးများနှင့်ပတ်သက်၍ ရပ်ရွာလူထုအား အသိအမြင်ဖွင့်ပေးသင့်သည့်အပြင် နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများ လျှောက်ထားရယူရေးနှင့်ပတ်သက်၍လည်း ပံ့ပိုးကူညီပေးသင့်ပါသည်။ (နည်းပညာဆိုင်ရာ ပံ့ပိုးမှုများအတွက် Braveheart Foundation ထံသို့ ဆက်သွယ်ပြီး အကူအညီတောင်းခံနိုင်ပါသည်။)
- နိုင်ငံသားအရည်အချင်းပြည့်မီသူများ အထောက်အထားမဲ့အဖြစ် တစ်ဦးတစ်ယောက်မျှ မကျန်ရစ်ရစေရန် အရပ်ဘက် လူမှုအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကြိုးပမ်းကြသင့်ပြီး စည်းရုံးတောင်းဆိုမှုများကို စုပေါင်းလုပ်ဆောင်သင့်ပါသည်။

## အလှူရှင်အဖွဲ့အစည်းများ

- အလှူရှင်များနှင့် ရန်ပုံငွေပံ့ပိုးကူညီပေးနေကြသည့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့ပံ့ပိုးလျက်ရှိသည့် အစီအစဉ်များသည် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း လုံခြုံမှု၊ ကျန်းမာရေး ဝန်ဆောင်မှုများ၊ ဒေသန္တရ ကောင်းမွန်သော စီမံအုပ်ချုပ်မှု အစရှိသည်ဖြင့် မည်သည့်လုပ်ငန်းစဉ်များဖြစ်စေ ဖော်ပြပါလုပ်ငန်းစဉ်များအားလုံးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားသည် အခြေခံလိုအပ်ချက်အဖြစ် ပါဝင်နေသည်ဖြစ်ရာ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများအတွက် အခက်အခဲများကိုလည်း ပေါင်းစပ်ထည့်သွင်းသွားသင့်ပါသည်။
- နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများ လျှောက်ထားရယူခြင်းကို တရားမျှတမှုလက်လှမ်းမီရေးအတွက် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ရှုမြင်သင့်ပါသည်။ ဤအချက်နှင့်ပတ်သက်၍လည်း ဦးစားပေးလုပ်ငန်းနယ်ပယ်တစ်ရပ်အဖြစ် ဖန်တီးရေးဆွဲ၍ ဖြည့်ဆည်းပေးသင့်ပါသည်။
- မြန်မာနိုင်ငံအတွင်းတွင် အထောက်အထားမဲ့လူဦးရေမှာ မြင့်မားနေဆဲဖြစ်သောကြောင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးရေးပန်းတိုင်များ ပြည့်မီရေးကို အနှောက်အယှက်ဖြစ်စေနိုင်ခြင်းကြောင့် မိမိတို့၏မိတ်ဖက်အဖွဲ့အစည်းများအား နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းကိစ္စကို ထည့်သွင်းဆောင်ရွက်ကြရန် တိုက်တွန်းပေးသင့်ပါသည်။ ဤပြဿနာမှာ ရေရှည်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုကိုပါ ထိခိုက်လာနိုင်ပါသည်။

# မျိုးဆက်သစ်များအတွက် ခြေလှမ်းသစ်များ

*အသက် (၁၀) နှစ်ပြည့်သူတိုင်း နိုင်ကတ်လျှောက်ထားရန် အခွင့်အရေးရှိသော်လည်း မိခင်ဖြစ်သူတွင် နိုင်ကတ်မရှိခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသော မိသားစုတစ်စုအကြောင်း။*



တော်အန်း (၁) ရွာတွင်နေထိုင်သော ဒေါ်အားမီသည် အသက်(၃၅)နှစ်ရှိပြီဖြစ်သော်လည်း နိုင်ငံသား စိစစ်ရေးကတ်ပြားမရှိသေးသည့် အာခါတိုင်းရင်းသူတစ်ဦးဖြစ်ပါသည်။ ဒေါ်အားမီတွင် တပိုင်တနိုင် အသေးစားစီးပွားရေးလုပ်ငန်းဖြစ်သည့် ပန်းပဲလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကသက်မွေး လုပ်ငန်းအဖြစ် လုပ်ကိုင်ပါသည်။

မိဘများနှင့်အတူနေစဉ်အချိန်က ဒေါ်အားမီ၏မိဘများသည် မည်သည့်အသက်အရွယ်တွင် နိုင်ကတ် လုပ်ပေးရမည်ကို မသိသောကြောင့် မလုပ်ပေးခဲ့ခြင်းဖြစ်သည်။ သူမ၏အစ်ကိုများကိုမူ လဝကဝန်ထမ်းများ ရွာတွင်းသို့ ကွင်းဆင်းလုပ်ဆောင်ပေးသောအချိန်တွင် လုပ်ပေးဖြစ်ခဲ့သည်။ သူမကိုတော့ လုပ်ပေးခဲ့ခြင်း မရှိပါ။ ထိုအချိန်က သူမသည် (၈) နှစ်သာရှိသေးသောကြောင့် မလုပ်ဖြစ်ခဲ့ခြင်းလည်းဖြစ်သည်။

ဒေါ်အားမီအရွယ်ရောက်လာပြီး အိမ်ထောင်ကျသွားပြီးနောက်တွင် နိုင်ကတ်ပြုလုပ်ရန်အတွက် ကြိုးစားခဲ့ သေးသော်လည်း နည်းလမ်းမသိသောကြောင့် မလုပ်ဖြစ်ခဲ့ပေ။ ရပ်ရွာထဲရှိအသိများကို မေးကြည့်သော အခါတွင်လည်း အသက်ကြီးပြီဖြစ်သည့်အတွက် နိုင်ကတ်ပြုလုပ်ရန် မလွယ်ကူ၊ ငွေကုန်ကြေးကျများမည် ဟုသာ အကြံပေးခဲ့ကြသည်။ ထို့ကြောင့် သူမသည် မလုပ်ဖြစ်ဘဲ ယခုအတိုင်းသာ နေခဲ့ပါသည်။

ဒေါ်အားမီတွင် သားသမီး (၃) ယောက်ရှိပြီး၊ အသက် (၁၀) နှစ်ပြည့် နိုင်ကတ်လျှောက်ရန်အတွက် အရွယ် ရောက်နေပြီဖြစ်သော (၁၂)နှစ်နှင့် (၁၄)နှစ်အရွယ်ရှိ သားနှစ်ယောက်ရှိသည်။ သားနှစ်ယောက်စလုံးသည် ကျောင်းတက်နေသော ကလေးများဖြစ်သည်။

လဝကဝန်ထမ်းများ ကျောင်းသို့ ကွင်းဆင်းလာလုပ်ပေးချိန်တွင် ဖခင်နိုင်ကတ် ပျောက်ဆုံးနေခြင်းနှင့် မိခင်တွင်လည်း နိုင်ကတ်မရှိသောကြောင့် သူမ၏သားနှစ်ဦးတွင် အထောက်အထား စာရွက်စာတမ်း မစုံမလင်ဖြစ်နေရာ နိုင်ကတ်ပြုလုပ်ရန် အခွင့်အရေးမရရှိခဲ့ပေ။

အိမ်နီးနားချင်းတို့၏ သားသမီးများ နိုင်ကတ်ရရှိနေချိန်တွင် ဒေါ်အားမီ၏ သားနှစ်ယောက်မှာ နိုင်ကတ်မရရှိသေးပါ။ နိုင်ကတ်မရှိလျှင် ကလေးနှစ်ယောက် ကျောင်းဆက်တက်၍မရမည်ကို သူမသည် စိုးရိမ်လာခဲ့ရပါသည်။

ကလေးများ၏ရှေ့ရေးအတွက် ငွေကုန်ကြေးကျများမည်ကို မစိုးရိမ်တော့ဘဲ ရှိသမျှနှင့် နိုင်ကတ်ရရှိအောင်ကြိုးစားချင်ခဲ့ပါသည်။ သို့သော် မိမိမှာ နိုင်ကတ်လျှောက်ထားရန်အတွက် မည်သည့်စာရွက်စာတမ်းများလိုအပ်သည်ကိုလည်း မသိရှိခြင်း၊ လျှောက်ထားရမည့် လုပ်ငန်းစဉ်များကိုလည်း နားမလည်ခြင်း၊ ငယ်စဉ်ကလည်း အတန်းပညာကို (၂) တန်းအထိသာ ပညာသင်ဖူးသည့်အပြင် ဗမာစကားလည်းမတတ်၊ ရုံးဌာနများကိုလည်း မသွားရဲ မသွားတတ်၊ မည်သို့လုပ်ရမည်ကိုမသိသောကြောင့် စိတ်သောက ရောက်ခဲ့ရသည်တို့ကိုလည်း ပြောပြပါသည်။

တစ်နေ့တွင် ဓမ္မဆရာက ကျေးရွာအတွင်းမှာ နိုင်ကတ်နှင့်ပတ်သက်သောအသိပညာပေးပွဲ လာလုပ်မည်ဟုကြေညာခဲ့ပါသည်။ ၎င်းကြေညာချက်ကို ကြားလိုက်ရသည့်အချိန်တွင် "ကျွန်မ အရမ်းပျော်နေခဲ့မိတာပဲ" ဟုပြောကြားခဲ့ပါသည်။

အသိပညာပေးပွဲ လာရောက်ပြုလုပ်မည့်နေ့တွင် သူမလက်ဝယ်ရှိ စာရွက်စာတမ်းဖြစ်သော အိမ်ထောင်စုစာရင်းကိုကိုင်ကာ အသိပညာပေးပွဲပြုလုပ်မည့်နေရာတွင် သွားရောက်စောင့်ဆိုင်းနေခဲ့ပါသည်။

အသိပညာပေးပွဲ လာရောက်ပြုလုပ်သူသည် BRAVEHEART Foundation မှ Paralegal တစ်ဦးဖြစ်ပြီး အသိပညာပေးပွဲတွင် နိုင်ကတ်အရေးကြီးကြောင်း၊ BRAVEHEART Foundation မှ ကူညီပေးနေသော လုပ်ငန်းစဉ်များအကြောင်း၊ နိုင်ကတ်လျှောက်ထားရာတွင်လိုအပ်သော စာရွက်စာတမ်း အထောက်အထားများနှင့် နိုင်ကတ်ကို ကာယကံရှင်ကိုယ်တိုင်လျှောက်ထားနိုင်ရန်အတွက် ပံ့ပိုးကူညီသွားမည့်အကြောင်းတို့ကို ပြည့်စုံစွာရှင်းပြခဲ့ပါသည်။

အသိပညာပေးပွဲအပြီးတွင် ဒေါ်အားမီက ချန်နေရစ်ခဲ့ပြီး သူမတွင် နိုင်ကတ်မရှိကြောင်းနှင့် အခက်အခဲများအားလုံးကို ဖြစ်ကြောင်းကုန်စင်ရှင်းပြခဲ့ပါသည်။ ထို့နောက် Paralegal သည် နိုင်ကတ်လျှောက်ထားရာတွင် လိုအပ်သောစာရွက်စာတမ်းများကို စုဆောင်းထားရန် အကြံပေးခဲ့ပါသည်။ အကူအညီလိုအပ်ပါက ဆက်သွယ်နိုင်ရန်အတွက် လိပ်စာကတ်လည်း ပေးထားခဲ့ပါသည်။

ဒေါ်အားမီသည် လိုအပ်သော စာရွက်စာတမ်းများ စုဆောင်းပြီးနောက် Paralegal အား ဆက်သွယ်ခဲ့ပြီး ရုံးဌာနများသို့ မသွားရဲသဖြင့် အတူလိုက်ပါပေးပါရန် အကူအညီတောင်းလာခဲ့ပါသည်။ Paralegal သည် စာရွက်စာတမ်းများ စုံအောင်စစ်ဆေးပြီး ဒေါ်အားမီအား လဝကရုံးသို့လိုက်ပို့ပေးခဲ့ပါသည်။

ဒေါ်အားမီတို့ ကျေးရွာအုပ်စုမှ လဝက တိုက်နယ်မှူးသည် ဗမာလူမျိုးဖြစ်သဖြင့် ဗမာစကားပြောနိုင်မှသာ အဆင်ပြေနိုင်မည်ဖြစ်သည်။ နိုင်ကတ်သွားရောက်ပြုလုပ်ရာတွင် အသက်ကြီးမှ လာရောက်လျှောက်ထားသဖြင့် အခြားနေရာမှ (ဥပမာ - ထိုင်း၊ တရုတ်) လာရောက်လျှောက်ထားသည်ဟုထင်နေရာ စစ်ဆေးမှုများခံခဲ့ရပါသည်။

Paralegal က ဒေါ်အားမီကြုံတွေ့ရသော အခက်အခဲများကို ကုန်စင်အောင်ရှင်းပြပြီး ရွာတွင်နေထိုင်သော တိုင်းရင်းသားတစ်ဦးဖြစ်ကြောင်း ထောက်ခံပေးခဲ့သည့်အပြင် မေးမြန်းမှုများကိုလည်း ဘာသာပြန်ပေးခဲ့ပါသည်။

လဝကအရာရှိတိုက်နယ်မှူးသည် BRAVEHEART အဖွဲ့နှင့် ရင်းနှီးမှုရှိနေသောကြောင့် လျှောက်ထားမှုလုပ်ငန်းစဉ်တွင် (၅) ဦးကော်မတီမယူခိုင်းတော့ဘဲ ဖြေလျှော့ပေးခဲ့သဖြင့် နိုင်ကတ်ကို လျှောက်ထားနိုင်ခဲ့ပါသည်။ ဒေါ်အားမီအမျိုးသားသည်လည်း ကတ်ပျောက်ဆုံးလျှောက်ထားခြင်းကို တချိန်တည်း ပြုလုပ်ခဲ့ပါသည်။ ရက် (၂၀) ခန့်ကြာလျှင် နိုင်ကတ်ကို လာထုတ်နိုင်ပြီဟုလည်း လဝကရုံးက မှာလိုက်ပါသည်။

လဝကမှချိန်းဆိုသည့်ရက်သို့ရောက်သည့်အခါတွင် ရုံးသို့စိတ်လှုပ်ရှားစွာဖြင့် နိုင်ကတ်ထုတ်ရန် သွားရောက်ခဲ့သော်ငြား တိုက်နယ်မှူးက မရသေးကြောင်း၊ မပြီးသေးကြောင်းပြောကြားခဲ့ပြီး နောက်ရက်မှ ပြန်လာခဲ့ပါဟု ထပ်မံချိန်းဆိုခဲ့ပါသည်။ ထိုအချိန်တွင် ဒေါ်အားမီသည် နိုင်ကတ်မရတော့ဘူးလား၊ ငွေကြေးတောင်းခံမည်လားဟူ၍ စိုးရိမ်ပူပန်ခဲ့သည်။

လဝကရုံးမှ ပြန်လည်ချိန်းဆိုသောနေ့တွင် နိုင်ကတ်သွားထုတ်ခဲ့ရာ သူမမျှော်လင့်နေသော နိုင်ငံသားစိစစ်ရေး ကတ်ပြားရရှိသည့်အတွက် အရမ်းဝမ်းသာခဲ့ပါသည်။

လဝကရုံးက ငွေကြေးတောင်းခံခြင်းမရှိခဲ့ဘဲ ၎င်းကိုယ်တိုင်ကသာ စေတနာအလျောက်ဖြင့် ဝန်ထမ်းကို (၅၀၀၀) ကျပ်သာ ပေးခဲ့ရသည်။ ကုန်ကျစရိတ်နည်းပြီး ရက်တိုအတွင်းမှာ နိုင်ကတ်ရရှိသွားသည့်အတွက် ဒေါ်အားမီတစ်ယောက် ပျော်ရွှင်၍မဆုံးနိုင်တော့ပါ။ ဒေါ်အားမီ အမျိုးသားလည်း နိုင်ကတ်အသစ် ပြန်လည်ရရှိခဲ့ပါသည်။

ဒေါ်အားမီနှင့် အမျိုးသားတို့ နိုင်ကတ်ရရှိပြီးနောက်ပိုင်းတွင် သားအကြီး (၂) ယောက်ကိုလည်း နိုင်ကတ်လျှောက်ထားပေးနိုင်တော့မည်ဖြစ်သည်။ ခြောက်နှစ်အရွယ် သမီးငယ်လေးကိုလည်း အိမ်ထောင်စုစာရင်းထဲ၌ အမည်ထည့်သွင်းပေးနိုင်တော့မည်ဖြစ်သည့်အတွက် ပျော်ရွှင်နေပါသည်။

လဝကများက ကျောင်းများတွင် ကွင်းဆင်းလာလုပ်ပေးရန် အစီအစဉ်ရှိသောကြောင့် ဒေါ်အားမီသည် သား (၂) ယောက်ကို လဝကရုံးသို့ ခေါ်လာခြင်းမပြုတော့ဘဲ ကျောင်းတွင်သာပြုလုပ်ရန် စောင့်ဆိုင်းနေပါသည်။

(၆) နှစ်အရွယ် သမီးလေးအတွက်လည်း အသက် (၁၀) နှစ်ပြည့်ချိန်တွင် လွယ်ကူစွာ နိုင်ကတ် ပြုလုပ်ပေးနိုင်တော့မည်ဖြစ်သည်။ သူမကလေးများ၏ ပညာသင်ကြားရေးနှင့်ရှေ့ရေးအတွက်လည်း မပူပန်ရတော့ပေ။ စိတ်အေးသွားရပါသည်။

ကျိုင်းတုံမြို့နယ်အတွင်း ဒေါ်အားမီကဲ့သို့ အသက်ကြီးပြီး နိုင်ကတ်မရှိသောသူ များစွာရှိနေပါသေးသည်။ အသက်ကြီးပြီး နိုင်ကတ်မရှိသောသူ မဖြစ်ရလေအောင် မိဘပြည်သူများ၊ ရပ်ရွာလူထုများကို နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အရေးပါအသုံးဝင်ပုံကို အသိပညာပေးပွဲများ များစွာပြုလုပ်ရန် လိုအပ်နေပါသည်။

# မျှော်လင့်ချက် ခြေလှမ်းသစ်ဆီသို့

*နိုင်ကတ်မရှိခြင်းကြောင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ဆုံးရှုံးနေသော၊ မသန်စွမ်းသော်လည်း စိတ်ဓာတ်ကြံ့ခိုင်သည့် အာခါအမျိုးသမီးတစ်ဦး၏ ဖြစ်ရပ်မှန်အကြောင်း။*



ဒေါ်ဆားမြေးသည် အသက် (၆၉) နှစ်ရှိပြီး ကျိုင်းတုံမြို့၊ ကတ်ဖအုပ်စု၊ ပါချဲန်ရွာတွင် နေထိုင်သော အာခါလူမျိုး တစ်ယောက် ဖြစ်ပါသည်။ သူမသည် ငယ်ရွယ်ချိန်က ကျောင်းမနေခဲ့ရသည့်အတွက် စာလုံးဝ မဖတ်တတ်ပါ။ စာမတတ်သည့်အပြင် အထွေထွေဗဟုသုတလည်း လုံးဝမရှိပါ။

နိုင်ငံသားစိစစ်ရေးကတ်ပြားကို ခရီးသွားလာဖို့ အတွက်သာ လိုအပ်သည်ဟု ယူဆထားသော ကြောင့် နိုင်ကတ်ကို လုံးဝမလျှောက်ခဲ့ဖူးပါ။ နိုင်ကတ်မရှိသောကြောင့် နိုင်ငံသားတစ်ယောက် ရသင့်ရထိုက်သော အခွင့်အရေးများကိုလည်း ထပ်ခါတလဲလဲ ဆုံးရှုံးခဲ့ရပြီး ခရီးထွက်သောအခါ တွင်လည်း အခက်အခဲများစွာ ကြုံခဲ့ရဖူးသည်။

မွေးရာပါနိုင်ငံသားဖြစ်သော်လည်း နိုင်ငံသား ဖြစ်ကြောင်း သက်သေတစ်ခုခုမပြနိုင်လျှင် နိုင်ငံသား အခွင့်အရေးများ ဆုံးရှုံးနိုင်ပါသည်။ ဒေါ်ဆားမြေးသည် နိုင်ငံသားတစ်ဦးဖြစ်သော်လည်း သက်သေအထောက်အထား မပြနိုင်သောကြောင့်  နိုင်ငံသားတစ်ဦးရရှိမည့် အခွင့်အရေးကို အကြိမ်ကြိမ် လွဲခဲ့ရဖူးသည်။

ဒေါ်ဆားမြေးသည် ကျိုင်းတုံမြို့၊ မိုင်းနောဖာတအုပ်စု၊ ဖရှဲရွာသားနှင့် အိမ်ထောင်ကျပြီး သမီးတစ်ယောက် ထွန်းကားပြီးချိန်တွင် အိမ်ထောင်ရေးပြဿနာကြောင့် ခင်ပွန်းဖြစ်သူနှင့်စိတ်ဆိုးပြီး (၄) နှစ်အရွယ်ရှိ သမီးလေးကိုခေါ်ကာ မိဘများနေထိုင်သော ပါချဲန်ရွာသို့ ပြန်လာခဲ့သည်။

မိဘနှင့်အတူနေရင်း ခေါ်ပုတ်ထောင်းကာ အနီးအနားရွာတွင် သွားရောက်လှည့်ပတ်ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ပါသည်။ တစ်ရက်တွင် ခေါ်ပုပ်ထောင်းသွားရောင်းစဉ် ဗကပ သောင်းကျန်း သူများမှ လမ်းတွင်မြှုပ်ထားခဲ့သောဗုံးကိုနင်းမိပြီး ခြေထောက်ထိကာ ဆေးရုံတက်ရာတွင် ဒူးအောက်အထိ ခြေထောက်ဖြတ်ခဲ့ရပါသည်။

ခြေထောက်ဖြတ်ရသည့်အချိန်တွင် ဒေါ်ဆားမြေးသည် အသက် (၂၃) နှစ်သာ ရှိသေးသည်။ ခြေထောက် ဖြတ်ပြီးနောက်ပိုင်း အမျိုးသားဆီ လုံးဝမပြန်တော့ဘဲ ပါချဲန်ရွာတွင်သာနေထိုင်ခဲ့သည်။ ကြုံလာသမျှ အခက်

အခဲများကို ကိုယ်တိုင်ဖြေရှင်းရင်းနှင့် ကျော်ဖြတ်လာခဲ့သည်မှာ အသက် (၆၉) နှစ် တိုင်သည်အထိ ယခုကဲ့သို့နေလာခဲ့သည်။

ဒေါ်ဆားမြေးသည် အာခါစကားတစ်မျိုးတည်းကိုသာ တတ်ကျွမ်းမှုကြောင့် နိုင်ကတ်လျှောက်ရာတွင် ဘာသာစကားအခက်ခဲရှိနေခြင်း၊ လျှောက်ထားမှုလုပ်ငန်းစဉ်များကို မသိနေခြင်း၊ ရုံးဌာနများသို့ မသွားရဲခြင်း၊ ခြေထောက်ဖြတ်ထားသောကြောင့် သွားလာရေး ခက်ခဲမှုရှိနေခြင်းတို့ကြောင့် နိုင်ကတ်ကို လုံးဝမလျှောက်ဖြစ်ခဲ့ပါ။

ဒေါ်ဆားမြေး၏ မိသားစုမှာ သမီး (၁) ဦးနှင့် မြေး (၄) ဦး စုစုပေါင်း (၅) ဦးရှိပြီး အသက်မွေးဝမ်းကျောင်းအဖြစ် လယ်ယာစိုက်ပျိုးသည့်အပြင် တနိုင်တပိုင်မွေးမြူရေးပါ လုပ်ကိုင်ပါသည်။

ဟောင်းနွမ်းနေသော ချိုင်းထောက်လေးဖြင့် တစ်ယောက်တည်း သွားလာလှုပ်ရှားနေပါသည်။ စားဝတ်နေရေးအတွက် အနိုင်နိုင်ရုန်းကန်နေရသောကြောင့် ငွေကြေးကလည်း အဆင်မပြေဖြစ်နေရာ လျှောက်ထားမှုအတွက်ကိုလည်း လုံးဝမစဉ်းစားဖြစ်ခဲ့ပါ။

ဒေါ်ဆားမြေးသည် နိုင်ကတ်မရှိသော်လည်း သူ၏သမီးနှင့်မြေးများကို ကျေးရွာအုပ်စုသို့ လဝကမှ ကွင်းဆင်းချိန်တွင် အတတ်နိုင်ဆုံးဖြေလျော့မှုများဖြင့် နိုင်ကတ်များကို ပြုလုပ်ပေးခဲ့ပါသည်။ (၁၈) မိုင်ခန့်ဝေးသောရွာတွင် ကွင်းဆင်းလုပ်ပေးသော်လည်း ခြေတဖက်ဖြင့်သွားလာရန် ခက်ခဲသောကြောင့် နိုင်ကတ်မလျှောက်ဖြစ်ခဲ့ပါ။

ဒေါ်ဆားမြေး၏ မြေးဖြစ်သူမှာ မယ်ဆိုင်တွင် အလုပ်လုပ်နေသည်။ ဒေါ်ဆားမြေးမှာ မြေးဖြစ်သူဆီကို သွားလည်ချင်သဖြင့် ကြံရာမရဘဲ သူနှင့် အသက်ရွယ်တူဖြစ်သူတစ်ဦးထံမှ နိုင်ကတ်တစ်ခုကိုငှားရမ်းပြီး သွားရောက်ခဲ့ရာ ပထမအကြိမ်တွင်မူ အဆင်ပြေခဲ့သည်။ ဒုတိယအကြိမ်တွင်မူ ကိုင်ဆောင်ထားသည်မှာ သူမ၏နိုင်ကတ်မဟုတ်ကြောင်း စုပေါင်းဂိတ်တွင် စစ်ဆေးတွေ့ရှိသွားသဖြင့် အရေးယူခံရကာ ဆက်သွားခွင့်မရတော့ဘဲ ကျိုင်းတုံမြို့သို့ပြန်လာခဲ့ရသည်။

ထိုအချိန်တွင်မှ ဒေါ်ဆားမြေးသည် နိုင်ကတ်၏အရေးကြီးပုံကို အနည်းကျဉ်းစသိလာခဲ့သည်။ သိလာခဲ့သော်လည်း လျှောက်ထားမှုလုပ်ငန်းစဉ်ကိုနားလည်ပြီး ဦးဆောင်ခေါ်သွားပေးမည့်သူမရှိသောကြောင့် စိတ်လျှော့ပြီး မလုပ်ဖြစ်ခဲ့ပါ။

ကျိုင်းတုံမြို့တွင် ICRC အဖွဲ့မှ ဖွင့်လှစ်ထားသော ခြေတုဆေးရုံသို့ ခြေတုအစားထိုးဆေးကုသခံရန်အတွက် သွားရောက်စုံစမ်းရာတွင် နိုင်ငံသားကိုသာခွင့်ပြုသည့်အတွက် နိုင်ကတ်မရှိခြင်းကြောင့် ဆေးကုသမှုလည်း မရခဲ့ပါ။

ကျန်းမာရေးအခွင့်အရေးများ ဆုံးရှုံးရသည်ကို ဒေါ်ဆားမြေး တွေ့ကြုံရပြန်သည်။ နိုင်ကတ်သည် သူ့အတွက် အဘယ်မျှအရေးကြီးကြောင်း နားလည်လာခဲ့ပြီး နိုင်ကတ်လျှောက်ရန် စတင် ကြိုးစားလာခဲ့သည်။

အထောက်အထား စာရွက်စာတမ်းများ လျှောက်ထားမှုနှင့်ပတ်သက်ပြီး ဝန်ဆောင်မှုပေးနေသော Braveheart အဖွဲ့အစည်းအကြောင်းကို ဘေးရွာမှပြောပြသဖြင့် သူမ သိခဲ့ရပြီးနောက် Braveheart အဖွဲ့အစည်းတွင် အလုပ်လုပ်နေသော Paralegal ကို အကူအညီတောင်းခံခဲ့သဖြင့် Paralegal က သွားရောက်တွေ့ဆုံခဲ့ပြီး မတ်လတွင် အမှုတွဲစတင်ဖွင့်လှစ်ခဲ့ပါသည်။

ဒေါ်ဆားမြေးသည် သွားလာရာတွင်လည်း ဆိုင်ကယ်မရှိ၊ ငှားဖို့ငွေကြေးလည်း အဆင်မပြေသောကြောင့် Paralegal ကိုယ်တိုင် သူမရွာမှနေပြီး အုပ်ချုပ်ရေးမှူးဆီသို့ခေါ်သွားကာ ဒေါ်ဆားမြေး၏အခက်အခဲကို ပြောပြပြီး လိုအပ်သောထောက်ခံစာများကို ရယူခဲ့ပါသည်။

အုပ်ချုပ်ရေးမှူးကလည်း သဘောကောင်းစွာ လိုအပ်ရင်ပြောပါ ကူညီနိုင်တာကိုကူညီပေးပါမည်ဟု ပြောလာသည်။ ထောက်ခံစာယူပြီးနောက် လဝကရုံးသို့ Paralegal ကိုယ်တိုင် ခေါ်လာပေးခဲ့ပါသည်။

ဒေါ်ဆားမြေးသည် အသက်ကြီးနေခြင်း၊ မိဘနှင့်သက်ဆိုင်သော စာရွက်စာတမ်းအထောက်အထား လုံးဝ ရှိမနေခြင်းတို့ကြောင့် လဝကဦးစီးမှူးက (၆) ဦးကော်မတီကို လက်မှတ်ထိုးခိုင်းပါသည်။

(၆) ဦးကော်မတီများဖြစ်သော ရဲစခန်း၊ ဥပဒေရုံး၊ သမဝါယမရုံး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ အထွေထွေ အုပ်ချုပ်ရေး ရုံးများသို့လိုက်ပို့ပြီး လက်မှတ်များရယူခဲ့ပါသည်။ ထောက်ခံစာများ အစုံယူပြီးသည်နှင့် လဝကရုံးသို့ စာရွက်စာတမ်းများတင်ပြပြီး လျှောက်ထားနိုင်ခဲ့ပါသည်။

ဒေါ်ဆားမြေးသည် နိုင်ကတ်လျှောက်ထားခဲ့ပြီးနောက် ရွာသို့ပြန်ကာ နိုင်ကတ်ရမည့်ရက်ကို စောင့်မျှော် နေခဲ့သည်။ သူမအဖြစ်ချင်ဆုံးဖြစ်သော ခြေတုတပ်ဆင်ခြင်းလုပ်ငန်းစဉ်အတွက် နိုင်ကတ်ရရှိရေးကို ရင်ခုန်စွာဖြင့် အချိန်တစ်လကျော်စောင့်ခဲ့ပြီးနောက် မေလတွင် အောင်မြင်စွာ ထုတ်နိုင်ခဲ့ပါသည်။

ဒေါ်ဆားမြေးတစ်ယောက် နိုင်ကတ်ရလာပြီးနောက် အခွင့်အရေးကောင်းတစ်ခုဖြစ်သော နိုင်ငံတော်မှ ကျန်းမာရေးအတွက် ပံ့ပိုးပေးသောထောက်ပံ့ကြေးရရှိနိုင်ဖို့ရန် အုပ်ချုပ်ရေးမှူးက ဆက်သွယ်လာပြီး လိုအပ်သောအချက်အလက်များကို တင်ပြနိုင်ခဲ့ပါသည်။

သူမအဖြစ်ချင်ဆုံး ခြေတုတပ်လုပ်ငန်းစဉ်ကိုမူ မလုပ်ရသေးပါ။ အဘယ်ကြောင့်ဆိုသော် နိုင်ကတ်ရပြီးသည် နှင့်တစ်ပြိုင်နက် လယ်လုပ်ငန်းချိန်ဖြစ်နေခြင်းကြောင့် အချိန်မပေးနိုင်သေးခြင်း၊ မိုးတွင်းဖြစ်သောကြောင့် လမ်းများသွားလာရန် ခက်ခဲနေခြင်းကြောင့် ခြေတုတပ်လုပ်ငန်းကို လယ်လုပ်ငန်းပြီးမှလုပ်တော့မည်ဟု ဒေါ်ဆားမြေးက ပြောပါသည်။

ယခုဆိုလျှင် ဒေါ်ဆားမြေးအနေဖြင့် ကျန်းမာရေးအတွက်သာမက နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများ ကိုပါ ရရှိလာပြီး လွတ်လပ်စွာ သွားလာနိုင်ပြီဖြစ်သည်။

နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံသားအခွင့်အရေး ရပိုင်ခွင့်ရှိပါသည်။ သို့သော်ထိုအခွင့်အရေးများရယူနိုင်ရန် အတွက် နိုင်ငံသားတစ်ဦးဖြစ်ကြောင်း သက်သေပြနိုင်ရန် သက်သေခံတစ်ခုခုရှိဖို့ လိုအပ်ပါသည်။ ကျေးရွာ အတွင်းရှိလူထုအားလုံး နိုင်ငံသားအခွင့်အရေးရရှိရန်အတွက် ထိရောက်သော အသိပညာပေးမှုများ ပိုမိုပံ့ပိုး ပေးသင့်ပါသည်။

လျှောက်ထားမှုလုပ်ငန်း လက်လှမ်းမီနိုင်ရန်အတွက် အကြံဉာဏ်ပေးနိုင်မည့် စေတနာ့ဝန်ထမ်းများကိုလည်း မွေးထုတ်ပေးသင့်ပါသည်။

# မိဘအားကိုးရသော သားလိမ္မာလေး

*နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိခြင်းကြောင့် အလုပ်အကိုင်အခွင့်အရေးကောင်း ရရှိပြီး မိဘစားဝတ်နေရေးအတွက်အထောက်အပံ့ပေးနိုင်သော သားတစ်ယောက်အကြောင်း။*



မောင်ဇော်မင်းဦး အသက် (၁၇) နှစ်သည် ကျိုင်းတုံမြို့နှင့် (၁၈)မိုင်ခန့်ဝေးသော ပင်းတောက်ကျေးရွာတွင် နေထိုင်သည့် အာခါတိုင်းရင်းသားလေး တစ်ယောက်ဖြစ်ပါသည်။ မောင်ဇော်မင်းဦး၏ မိဘများသည် လယ်ယာ၊ တောင်ယာလုပ်ငန်းကိုလုပ်ကိုင်သော မိသားစုဖြစ်သောကြောင့် ဝင်ငွေနည်းပါးပြီး မိသားစု စားဝတ်နေရေးအခက်အခဲနှင့် ရင်ဆိုင်နေရပါသည်။

မောင်ဇော်မင်းဦးတွင် ကျောင်းနေသော ညီမလေးတစ်ယောက် လည်းရှိပါသည်။ မိသားစုငွေကြေး အခက်အခဲကြောင့် သူတို့မောင်နှမနှစ်ဦးမှာ ချို့တဲ့စွာဖြင့် ပညာသင်ကြားခဲ့ရပါသည်။

မောင်ဇော်မင်းဦးသည် နိုင်ကတ်လျှောက်ရမည့် အရွယ်ရောက်လာသောအခါ မိဘများက နိုင်ကတ် အရေးကြီးကြောင်းကို မသိကြသောကြောင့် မောင်ဇော်မင်းဦးအတွက် နိုင်ကတ်လျှောက်ပေးရမှန်း မသိခဲ့ပါ။

မောင်ဇော်မင်းဦးတစ်ယောက် မိသားစုစီးပွားရေး အခက်အခဲများကြောင့် (၇) တန်းတွင် ကျောင်းထွက်ခဲ့ရပြီး မိဘကို အလုပ်လုပ်ကူညီခဲ့ပါသည်။

မောင်ဇော်မင်းဦး၏ ညီမလေးသည် ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်တွင် (၆) တန်း၌ ပညာသင်ကြားနေပြီး ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားစေချင်သောစိတ်၊ မိသားစုများကို ဝင်ငွေပံ့ပိုးစေချင်သောစိတ် တို့ကြောင့် တာချီလိတ်သို့ သူငယ်ချင်းများနှင့်အတူ သွားရောက် အလုပ်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

တာချီလိတ်သို့ရောက်ချိန်တွင် နေ့စားအလုပ်ကို စတင်လုပ်ကိုင်ခဲ့ပါသည်။ နေ့စားလုပ်ငန်းသည် ပင်ပန်းစွာ လုပ်ကိုင်ရပြီး ဝင်ငွေနည်းပါးသောကြောင့် မိဘများအား လုံလောက်စွာမထောက်ပံ့နိုင်ခဲ့ပါ။ ထို့ကြောင့် မောင်ဇော်မင်းဦးသည် သူငယ်ချင်းများနှင့်အတူ နေ့စားအလုပ်ထက်ဝင်ငွေပိုကောင်းသော ဟိုတယ်လုပ်ငန်းတွင် အလုပ်လုပ်ရန်အတွက် အတူတူအလုပ်သွားလျှောက်ခဲ့ကြသည်။

မောင်ဇော်မင်းဦး၏ သူငယ်ချင်းများ ဟိုတယ်တွင် အလုပ်ရခဲ့သော်လည်း မောင်ဇော်မင်းဦး တစ်ယောက် အလုပ်မရခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် မောင်ဇော်မင်းဦးတွင် နိုင်ကတ်မရှိသောကြောင့် အလုပ်ရှင်က အလုပ်မခန့်ရဲခဲ့ပါ။

ဟိုတယ်တွင်အလုပ်လျှောက်ထားခဲ့ရာ အလုပ်မရသဖြင့် ပင်ပန်းသောနေ့စားလုပ်ငန်းကိုသာ ဆက်လက် လုပ်ကိုင်နေခဲ့ရသောကြောင့် နိုင်ကတ်သည်အရေးကြီးကြောင်း ပိုမိုနားလည်လာသဖြင့် နိုင်ကတ်လုပ်မှ ဖြစ်တော့မည်ဆိုပြီး  ကျိုင်းတုံမြို့သို့ ပြန်လာခဲ့ပါသည်။

မောင်ဇော်မင်းဦးသည် နိုင်ကတ်လျှောက်ရန်အတွက် လဝကရုံးသို့ သွားခဲ့ပါသည်။

မိဘများတွင်နိုင်ကတ်ရှိသော်လည်း အိမ်ထောင်စုစာရင်း၌ မောင်ဇော်မင်းဦး၏နာမည်ကိုမူ လဝကရုံး၌ တရားဝင် မွေးတိုးထည့်ထားခြင်းမဟုတ်ဘဲ တစ်စုံတစ်ဦးက ၎င်း၏သဘောဖြင့် ရေးသွင်းထားခြင်းသာ ဖြစ်သောကြောင့် မောင်ဇော်မင်း၏ နိုင်ကတ်လျှောက်ထားမှုမှာ ငြင်းပယ်ခံခဲ့ရပါသည်။

မောင်ဇော်မင်းဦး၏ မိဘများသည် သူ့သား၏အခက်အခဲကို ကူညီချင်သော်လည်း၊ ဗမာစကားမတတ်ကြ သည့်အပြင် မည်သို့ဆက်လုပ်ရမည်ကိုလည်း မသိကြသောကြောင့် ပြန်လာခဲ့ရပါသည်။

တစ်နေ့တွင် မောင်ဇော်မင်းဦး၏မိခင်သည် ရွာထဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှု လုပ်ငန်းစဉ်နှင့် နိုင်ငံသားအခွင့်အရေးများနှင့် ပတ်သက်ပြီး Braveheart Foundation အဖွဲ့မှ လာရောက် ဟောပြောနေရာ စိတ်ဝင်စားစွာဖြင့် သွားရောက်နားထောင်ခဲ့ပါသည်။ ထိုအသိပညာပေးပွဲမှ နိုင်ကတ် ရှိခြင်း၏ အကျိုးကျေးဇူးများ၊ မရှိခြင်း၏ဆိုးကျိုးများကို ရှင်းပြခဲ့ပြီး လျှောက်ထားမှုလုပ်ငန်းစဉ်များကိုလည်း သေချာစွာ ရှင်းပြခဲ့ပါသည်။

အသိပညာပေးပွဲအပြီးတွင် မောင်ဇော်မင်းဦး၏ မိခင်သည် သူ့သားနိုင်ကတ်ရရှိရန် Paralegal နှင့် တွေ့ဆုံ၍ မောင်ဇော်မင်းဦး၏ အခက်အခဲအားပြောပြပြီး မည်သို့လျှောက်ထားရမည်ကို အသေးစိတ် ထပ်မံဆွေးနွေးခဲ့ ပါသည်။ Paralegal က လိုအပ်သော စာရွက်စာတမ်းများ သွားရောက်ယူထားရန် အကြံပေးခဲ့ပါသည်။

မောင်ဇော်မင်းဦး၏ မိခင်သည် သားအတွက် လိုအပ်သောထောက်ခံစာများရယူပြီး Paralegal ၏ အကူအညီဖြင့် လဝကရုံးသို့ သွားရောက်လျှောက်ထားခဲ့ပါသည်။

လဝကရုံးသို့ ရောက်ချိန်တွင် လဝကဦးစီးမှူးအားတွေ့ဆုံပြီး မောင်ဇော်မင်းဦး၏ မိခင်သည် ၎င်း၏ မိဘ၊ ဘိုးဘွား လက်ထက်ကတည်းကပင် ပင်းတောက်ရွာတွင် နေထိုင်ခဲ့ကြောင်း၊ အိမ်ထောင်စုစာရင်း၌ မောင်ဇော်မင်းဦး၏ နာမည်ကို ကိုယ်တိုင်ရေးထည့်ထားခြင်း မဟုတ်ကြောင်း၊ ယခင်က ရွာထဲ၌ စာရင်းကောက်ရန်အတွက် လာယူခဲ့သည့်အချိန်တွင် ရွာသူကြီး ရေးထည့်ခဲ့ကြောင်း ဦးစီးမှူးအား ရှင်းပြခဲ့ရာတွင် Paralegal မှ ဘာသာပြန်ပေးခဲ့ရပါသည်။

မောင်ဇော်မင်းဦးမိခင်သည် မိမိ၏သားဖြစ်ကြောင်းကိုလည်း ကတိဝန်ခံချက်အနေဖြင့် လက်မှတ်ထိုးခဲ့ပြီး နိုင်ကတ်ကို စတင်လျှောက်ထားခဲ့ပါသည်။ တိုက်နယ်မှူးက နိုင်ကတ်လာထုတ်ရန်အတွက် ရက်ချိန်းပေး ခဲ့ပါသည်။ လျှောက်ထားပြီး (၁၄) ရက်ကြာသောအခါ  မောင်ဇော်မင်းဦးသည် လဝကရုံးသို့ နိုင်ကတ် လာရောက်ထုတ်ယူနိုင်ခဲ့ပါသည်။

မောင်ဇော်မင်းဦးတစ်ယောက် နိုင်ကတ်အသစ်စက်စက်ကို ကိုင်ဆောင်ရင်း အရမ်းကို ပျော်ရွှင်နေပါသည်။

မောင်ဇော်မင်းဦးတစ်ယောက် နိုင်ကတ်ရရှိပြီးနောက် တာချီလိတ်မြို့သို့ ဝင်ငွေကောင်းသော အလုပ်ကို လုပ်ကိုင်ရန်အတွက် ထပ်မံဆင်းသွားခဲ့ပါသည်။ ယခုဆိုလျှင် သူငယ်ချင်းများနှင့်အတူ ဟိုတယ်လုပ်ငန်းတွင် တည်ငြိမ်ပျော်ရွှင်စွာဖြင့် လုပ်ကိုင်လျက်ရှိပြီး တစ်လလျှင် ဘတ်တစ်သောင်း (ခန့်မှန်းခြေ မြန်မာကျပ်ငွေ ၅ သိန်းခန့်) ရနေပါသည်။

မောင်ဇော်မင်းဦးမိခင်က သားနိုင်ကတ်ရပြီးနောက်ပိုင်း အလုပ်လုပ်ရာတွင် အရင်လိုမပင်ပန်းသည့်အပြင် ငွေပိုစုနိုင်ပြီး မိဘကိုလည်း တစ်လကိုဘတ်ခုနစ်ထောင် (ကျပ်ငွေ ၃ သိန်းခန့်) ပို့ပေးနိုင်သောကြောင့် မိသားစု ပိုအဆင်ပြေလာကြောင်း ပြောပြခဲ့ပါသည်။

မောင်ဇော်မင်းဦးမိခင်က *"ဆရာတို့သာ ကူညီလမ်းပြမှုမရှိခဲ့ရင် ကျွန်မသားလေး အခုလိုအဆင်ပြေမှာ မဟုတ်ဘူး၊ အခုဆို ကားမောင်းသင်တန်းလည်း တက်နေပြီ။ မကြာခင် ယာဉ်မောင်းလိုင်စင် ပြုလုပ်နိုင်ပြီး ကားပါမောင်းနိုင်တော့မယ်၊ လုပ်ငန်းပိုကောင်းလာနိုင်မယ်"* ဟု မိခင်က ဝမ်းသာအားရပြောခဲ့ပါသည်။

တောင်ပေါ်ဒေသများတွင် နေထိုင်သော တိုင်းရင်းသားများသည် မွေးရာပါ နိုင်ငံသားများ ဖြစ်သော်လည်း နိုင်ကတ်အရေးကြီးကြောင်း မသိခြင်း၊ လျှောက်ထားမှုလုပ်ငန်းစဉ် မသိရှိခြင်း၊ ဗမာစကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင် မပြောတတ်ကြသဖြင့် ရုံးသို့မသွားရဲခြင်းများကြောင့် နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနေရပါသည်။

နိုင်ကတ်လျှောက်ထားရယူခြင်းကို အလေးမထားခြင်းကြောင့် ကာယကံရှင်ကိုယ်တိုင် အခွင့်အရေး ဆုံးရှုံး သည့်အပြင် မျိုးရိုးစဉ်ဆက်အလိုက် နိုင်ငံသားအခွင့်အရေးဆုံးရှုံးခြင်း၊ နိုင်ငံမဲ့ဖြစ်နိုင်ခြေများခြင်း၊ လူကုန် ကူးခံရနိုင်ခြေများခြင်းတို့ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် လူမှုအဖွဲ့အစည်းများ၊ CSO များနှင့် အစိုးရ ဌာနဆိုင်ရာများသည် လူမှုဖွံ့ဖြိုးရေးစီမံကိန်းများလုပ်ကိုင်ခြင်းသာမက နိုင်ငံသားစိစစ်ရေးကတ်ပြား အရေး ကြီးကြောင်းနှင့် နိုင်ငံသားအခွင့်အရေးနှင့်ပတ်သက်သော လူထုပညာပေးပွဲများကို ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သင့်ကြောင်း တိုက်တွန်းလိုပါသည်။

# မျှော်လင့်ချက်များ လင်းလက်လာခြင်း

နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိခြင်းကြောင့် သူငယ်ချင်းများနည်းတူ တန်းတူအခွင့်အရေးမရရှိဘဲ အခွင့်အရေးများဆုံးရှုံးနေခဲ့သော တောင်ပေါ်သားတစ်ယောက်အကြောင်း။



လားဟူလူမျိုးများနေထိုင်သော ဖားရုံလုံတောင်ပေါ်ရွာလေးတစ်ရွာတွင် အိမ်အိုလေးတစ်အိမ်ထဲမှ အမြဲတမ်း စိတ်မချမ်းသာစွာနှင့် စိတ်သောကရောက်နေရသူတစ်ဦးကတော့ အသက် (၂၁) နှစ်ရှိသူ မောင်မာသဲ ဖြစ်သည်။

ပျော်ရွှင်စရာအိမ်ထောင်တစ်ခုကို သူများနည်းတူဖန်တီးပြီး နေချင်သော်လည်း မောင်မာသဲတစ်ယောက် နိုင်ကတ်မရှိခြင်းကြောင့် စိတ်မပျော်ရွှင်ရပါ။ မရှိတဲ့ အကြောင်းရင်းကတော့ မိဘကိုယ်တိုင် နိုင်ကတ် အရေးကြီးမှန်းမသိခြင်း၊ လျှောက်ထားမှုလုပ်ငန်းစဉ်များ မသိခြင်းကြောင့် နိုင်ကတ်မပြုလုပ်ခဲ့ရခြင်း ဖြစ်ပါသည်။

မောင်မာသဲ၏ရွာထဲရှိ သူငယ်ချင်းအများစုသည်  မိုင်းလားမြို့မှ လက်ဖက်ခူးလုပ်ငန်းတွင် တစ်ရက်လျှင် ယွမ် ၁၀၀ (ခန့်မှန်းခြေ ၂၁၀၀၀ ကျပ်) ဖြင့် သွားရောက်လုပ်ကိုင်နေကြပါသည်။ မောင်မာသဲသည် သူငယ်ချင်းများနှင့်အတူ အလုပ်လုပ်ရန်သွားခဲ့ပါသည်။ စစ်ဆေးရေးဂိတ်ရောက်သည့်အချိန်တွင်မှ နိုင်ကတ် စစ်ဆေးနေသောကြောင့် မိမိမှာမရှိသဖြင့် ပြန်လာခဲ့ရပါသည်။

မောင်မာသဲတစ်ယောက် နိုင်ကတ်မရှိခြင်းကြောင့် ခရီးသွားလာရေးတွင် အဆင်မပြေခဲ့သည်ဖြစ်ရာ နိုင်ကတ်အရေးကြီးကြောင်းကို စပြီးသဘောပေါက်လာသည်။ နိုင်ကတ်ရရှိရန်အတွက် ရွာသူကြီးထံသို့ သွားရောက်မေးမြန်းကြည့်ရာ ရွာသူကြီးက "*ငွေကုန်ကြေးကျများတယ်၊ အချိန်လည်းကုန်တယ်၊ လွန်ခဲ့တဲ့ အချိန်က ရွာကိုကွင်းဆင်းပြီး လဝကက လာလုပ်ပေးခဲ့တယ်။ ငွေကုန်ကြေးကျမတတ်နိုင်ရင် သူတို့*

*လာလုပ်ပေးတဲ့အချိန်ကို စောင့်နေပါ”*ဟု သူကြီးက ရှင်းပြပါသည်။ မောင်မာသဲလည်း စိတ်ဓာတ်ကျစွာနှင့် လက်လျှော့ပြီး ပြန်လာခဲ့ရသည်။

မောင်မာသဲ၏ သူငယ်ချင်းများကတော့ နိုင်ကတ်ရှိပြီး လွတ်လပ်စွာသွားလာလုပ်ကိုင်ခွင့်လည်းရှိနေရာ ဝင်ငွေကောင်းသဖြင့် မိသားစုကိုလည်း တဖက်တလမ်းက ပံ့ပိုးပေးနေကြသည်ကိုကြည့်ပြီး အရမ်းကို အားကျခဲ့ရပါသည်။

မောင်မာသဲတစ်ယောက် အားကျရုံကလွဲပြီး ဘာမှမတတ်နိုင်ပါ။ တစ်နေ့တစ်ချိန်ကြရင် သူငယ်ချင်းတွေလို ပျော်ရွှင်စွာနှင့် သွားလာလုပ်ကိုင်နိုင်ပြီး ဝင်ငွေရရှိခဲ့ပါက မိသားစုကို တဖက်တလမ်းကနေ ပံ့ပိုးပေးလာနိုင်မည်ဟု မျှော်လင့်ခဲ့ပါသည်။

မောင်မာသဲတစ်ယောက် တစ်နှစ်ထက်တစ်နှစ် အသက်သာကြီးလာပြီး အိမ်ထောင်ကျခဲ့သည့်တိုင် နိုင်ကတ်မရှိခြင်းကြောင့် လက်ထပ်စာချုပ်ကို မချုပ်ဆိုနိုင်ခဲ့ပါ။ ပို၍စိုးရိမ်စရာ ကောင်းလာသည်မှာ မောင်မာသဲ၏ဇနီးသည် ကိုယ်ဝန်အရင့်အမာနှင့် မွေးဖွားချိန် ရောက်တော့မည်။ ဆေးရုံရောက်ပြီး ကလေးမွေးသည့်အခါ မောင်မာသဲတွင် နိုင်ကတ်မရှိသည့်အတွက် ကလေးမွေးတိုးကိုလည်း လုပ်ဆောင်နိုင်ဦးမည်မဟုတ်ပါ။ မောင်မာသဲတစ်ယောက် အရမ်းကို စိတ်ပူပင်သောကရောက်နေရပါသည်။

မမျှော်လင့်ဘဲ တစ်နေ့မှာ ရွာသူကြီးက ကျေးရွာထဲတွင် နိုင်ကတ်မရှိသူ၊ မွေးစာရင်းမရှိသူနှင့် အိမ်ထောင်စုစာရင်းမရှိသူများကို Braveheart  အဖွဲ့က လာရောက် အသိပညာပေးမည်ဆို၍ စောင့်နေခဲ့ပါသည်။ အသိပညာလာပေးသည့် Braveheart အဖွဲ့က နိုင်ကတ်ရှိခြင်း၏ကောင်းကျိုးများ၊ မရှိခြင်း၏ဆိုးကျိုးများနှင့် လျှောက်ထားမှုလုပ်ငန်းစဉ်တို့ကို အသေးစိတ်ရှင်းပြခဲ့ပါသည်။

သချာရှင်းပြခဲ့သော်ငြား မောင်မာသဲက မမှတ်မိသဖြင့် Paralegal  အိမ်သို့သွားကာ  နောက်တစ်ကြိမ် ထပ်ပြီးမေးမြန်းခဲ့ရပါသည်။ Paralegal ကတော့ ထပ်ခါထပ်ခါရှင်းပြပြီး လိုအပ်သည့် စာရွက်စာတမ်းများ ရယူထားရန် လမ်းညွှန်ပေးခဲ့ပါသည်။ Paralegal က အကြိမ်ကြိမ် ရှင်းပြခဲ့သည့်တိုင် မသွားတတ်၊ မလုပ်တတ်သောကြောင့် Paralegal ကပင် အစအဆုံး လိုက်လံကူညီဆောင်ရွက်ပေးပြီး စာရွက်စာတမ်း ပြည့်စုံသည်နှင့် မောင်မာသဲမရောက်ဖူးသော လဝကရုံးသို့ ခေါ်ဆောင်ပေးသွားခဲ့သည်။

မောင်မာသဲသည် ကြောက်ကြောက်နှင့် လဝကရုံးသို့ ရောက်သော် Paralegal ကပင် ဦးဆောင်ပြီး ကူညီပြောဆိုပေးသဖြင့် လဝကတိုက်နယ်မှူးမှ စာရွက်စာတမ်းများကို စိစစ်ကာ အခြားလိုအပ်ချက်များကိုလည်း ဖြည့်စွက်လုပ်ဆောင်ပေးပြီး အမှုတွဲကိုလက်ခံပေးထားလိုက်သည်။ (၂) ပတ်ကျော်လျှင် နိုင်ကတ်ပြား လာရောက်ထုတ်ယူရန် ချိန်းဆိုပေးခဲ့ပါသည်။

*"ကျွန်တော်ထင်ထားတာ လဝကဝန်ထမ်းတွေက ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံမယ် ထင်ခဲ့တာ၊ တကယ်ဆို ကြောက်စရာမလိုဘဲ ကောင်းကောင်းမွန်မွန် ပြောကြားပေးတဲ့အတွက် အရမ်းကို ပျော်သွားပါတယ်။ မကြာခင် နိုင်ကတ်လည်း ရရှိတော့မှာမို့ သူများတွေလို အဆင်ပြေပြေနဲ့ မွေးလာမယ့် သားသမီးအတွက်လည်း စိတ်ပူပင်သောကရောက်နေစရာ မလိုတော့ဘူး။ နိုင်ကတ်ထုတ်ရမယ့်ရက်ကိုပဲ လက်ချိုးရေပြီးတော့သာ စောင့်နေခဲ့ရပါတယ်"*

မျှော်လင့်တဲ့ရက်ရောက်လို့လာပါပြီ။ Paralegal ကပဲ နိုင်ကတ်သွားထုတ်ဖို့ ဖုန်းဆက်လာသဖြင့် ပျော်ရွှင်စွာနဲ့ပဲ တောင်ပေါ်ကဆင်းလာပြီး လဝကရုံးတွင် နိုင်ကတ် သွားရောက်ထုတ်ယူခဲ့ပါသည်။ ပံ့ပိုးကူညီပေးခဲ့သည့် Paralegal ကိုလည်း ကျေးဇူးတင်ကြောင်း ပြောမဆုံးဖြစ်နေပါသည်။

မျှော်လင့်ထားတဲ့ ပျော်ရွှင်စရာ အိမ်ထောင်တစ်ခုကို စတင်ဖန်တီးခွင့်ရတော့မှာဖြစ်တဲ့အတွက် အရမ်းကို ပျော်ရွှင်ရပါသည်။ မိမိကဲ့သို့ နိုင်ကတ်မရှိသေးသည့်သူငယ်ချင်းများကိုလည်း မိမိလိုမဖြစ်အောင် သူတို့ကို ကိုယ်သိသလောက် နိုင်ကတ်အရေးကြီးကြောင်းကို ပြောပြပြီး ချိတ်ဆက်လုပ်ဆောင်ရမည့် နေရာကိုလည်း ကိုယ်တိုင် လိုက်လံပို့ဆောင်ပေးပါမည်။

တောင်ပေါ်ဒေသများတွင် နေထိုင်သော တိုင်းရင်းသားများသည် မွေးရာပါနိုင်ငံသားများ ဖြစ်သော်လည်း၊ နိုင်ကတ်အရေးကြီးကြောင်း မသိခြင်း၊ လျှောက်ထားမှုလုပ်ငန်းစဉ် မသိရှိခြင်း၊ ဘာသာစကားခက်ခဲခြင်းနှင့် ရုံးဌာနသို့ မသွားရဲခြင်းကြောင့် နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးလုနီးပါး ဖြစ်နေကြပါသည်။ ကျေးရွာလူထုများအား နိုင်ငံသားစိစစ်ရေးကတ်ပြား အရေးကြီးကြောင်းနှင့် နိုင်ငံသားအခွင့်အရေးနှင့် ပတ်သက်သော လူထုပညာပေးပွဲများ လုပ်ပေးခြင်းဖြင့် အထောက်အထားမရှိခြင်း၊ အသက်ကြီးပြီး နိုင်ကတ်မရှိခြင်းများကို လျော့ကျစေနိုင်ပါသည်။

# စိုးရိမ်ကြောင့်ကြမှုမှ ကင်းလွတ်သွားခြင်း

*ကျွန်မာပေါ်တွင် ရှားပါးပြီး လူနည်းစုအဖြစ်သာကျန်ရှိတော့သည့် အဲန်လူမျိုး အမျိုးသမီးတစ်ယောက်၏ နိုင်ကတ်မရှိရခြင်းအကြောင်းရင်းနှင့် ထိုသို့နိုင်ကတ်မရှိခြင်းကြောင့် တွေ့ကြုံခဲ့ရသော အခက်အခဲများကို တင်ပြထားခြင်းဖြစ်ပါသည်။*



"ကျွန်မလည်း နိုင်ကတ်မရှိသေးဘူးဆရာ၊ ဘယ်လိုလုပ်ရမလဲ ဆရာ" ဟု အားကိုးတကြီးမျက်နှာနှင့် မေးလိုက်သည့် အဲန်လူမျိုး "မအီလွေ" သည် အသိပညာပေးပွဲ၌ အပြန်အလှန် ဆွေးနွေးမေးမြန်းနေစဉ် အိမ်တံခါးဝ အနီးတွင်ထိုင်လျက် မဝံ့မရဲပြောလာသည်။

"မအီလွေ" သည် ကျိုင်းတုံမြို့နှင့် (၁၅) မိုင်ခန့်ဝေးကွာသည့် မိုင်းလန်းကျေးရွာအုပ်စု၊ မိုင်လင်အဲန်ရွာတွင် နေထိုင်သူဖြစ်သည်။ ထိုရွာတွင် စာတတ်သူ၊ ဗမာစကားပြောတတ်သူ တစ်ဦးတစ်ယောက်မျှမရှိပေ။ တစ်ရွာလုံး နိုင်ကတ်ကို လုပ်ထားရမည်၊ ရှိထားရမည်ဆိုသည်ကို သိထားကြသော်လည်း မည်သို့ပြုလုပ်ရမည်ကိုတော့ မသိကြပါ။ တစ်ရွာလုံးတွင် အထောက်အထား စာရွက်စာတမ်းမရှိသောသူနှင့် နိုင်ကတ်မရှိသူ စုစုပေါင်း (၃၅) ယောက်မျှရှိပြီး "မအီလွေ" ကမူ မိဘ၏နိုင်ကတ်နှင့် အထောက်အထား စာရွက်စာတမ်းများ မရှိခြင်းကြောင့် နိုင်ကတ်လျှောက်ထားရန်အတွက် ခက်ခဲမှုများကို ကြုံတွေ့နေရသူတစ်ဦး ဖြစ်သည်။

"ကျွန်မမှာ မိဘနိုင်ကတ်မရှိတာကြောင့် ကျွန်မအတွက် နိုင်ကတ်လုပ်လို့မရနိုင်ဘူးလို့ မိုင်းလန်းအုပ်စု အရာရှိတစ်ယောက်က ကျွန်မကိုပြောပါတယ် ဆရာ" ဟု ပြောပြခဲ့သည်။ မအီလွေသည် မိဘမဲ့ဘဝဖြင့် အစ်ကိုဖြစ်သူ၏ စောင့်ရှောက်မှုအောက်တွင် ကြီးပြင်းခဲ့ရပြီး မိဘနှစ်ပါးတွင် နိုင်ကတ် ရှိခဲ့ဖူးလား၊ မရှိခဲ့ဖူးလား ဆိုသည်ကိုလည်း မသိရှိကြောင်း ပြောပါသည်။

"ကျွန်မမိဘတွေက ကျွန်မတစ်နှစ်သမီးအရွယ်ကတည်းက ဆုံးသွားခဲ့ကြပါတယ်ဆရာ" ဟု ညှိုးငယ်သော မျက်နှာဖြင့် ပြောလာပါသည်။ မအီလွေသည် နိုင်ကတ်မရှိခြင်းကြောင့် ခရီးမသွားနိုင်၊ ရေခြားမြေခြားမှာ အလုပ်

သွားလုပ်ချင်သော်လည်း  နိုင်ကတ်မရှိခြင်းကြောင့် သွားမလုပ်နိုင်၊ အဲဒီလိုမလုပ်နိုင်တော့ မိသားစုရဲ့ စားဝတ်နေရေးက အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေရကြောင်းကိုလည်း ပြောပြပါသည်။

အလုပ်သွားလုပ်ချင်သည့်အတွက် နိုင်ကတ်လုပ်ချင်သော်လည်း မိဘများ၏ နိုင်ကတ်ကို အဘယ်သို့ သွားရှာရမည်ကိုလည်း မသိကြောင်း၊ မိဘနိုင်ကတ်မရှိရခြင်းအတွက် အကျိုးအကြောင်းကို ပြောပြချင်ပါသော်လည်း ဗမာစကားမတတ်ခြင်းနှင့် မည်သို့စလုပ်ရမည်ကို မသိနားမလည်ခြင်းတို့ကြောင့် ယခုအတိုင်း သက်သေခံကတ်ပြားမရှိဘဲ နေနေရသည်ဟု ပြောပြခဲ့ပါသည်။

မအီလွေ နိုင်ငံသားကတ်လျှောက်ထားနိုင်ရန်အတွက် သက်သေခံစာရွက်စာတမ်း အထောက်အထားများ ရရှိဖို့ ကြိုးစားရာတွင် မအီလွေ၏အစ်ကိုဖြစ်သူ၌ နိုင်ကတ်နှင့်အိမ်ထောင်စုစာရင်းရှိကြောင်း သိခဲ့ရပါသည်။ ထို့ကြောင့် အစ်ကိုဖြစ်သူတွင်ရှိနေသော အထဲစတွင် မအီလွေ၏နာမည် ရှိမရှိကို စစ်ဆေးကြည့်နိုင်ရန်အတွက် မအီလွေ အစ်ကိုဖြစ်သူထံတွင်ရှိသော အိမ်ထောင်စုစာရင်းကို တောင်းယူကြည့်ရာ မအီလွေ၏နာမည် ပါနေသည်ကို တွေ့ရှိခဲ့သည်။

နိုင်ကတ်လျှောက်ထားမှုလုပ်ငန်းစဉ်များ

မအီလွေ၏ နိုင်ကတ်လျှောက်ထားမှုအတွက် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများ ရရှိရေးကို ကူညီပံ့ပိုးပေးခဲ့သည်။ အုပ်ချုပ်ရေးမှူး၏ထောက်ခံချက် ရယူပြီး လဝကရုံးသို့ တင်ပြလျှောက်ထားရာတွင် မိဘနိုင်ကတ်မရှိသဖြင့် ငါးဦးကော်မတီ ရယူရမည်ဟုပြောလာသောကြောင့် ငါးဦးကော်မတီထောက်ခံချက်ကို သွားရောက်ရယူပေးပြီးနောက် အသက် (၁၈) နှစ် ကျော်နေပြီဖြစ်ရာ တစ်ကြိမ်တစ်ခါမျှ လျှောက်ထားခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံကတိလက်မှတ်၊ အသိသက်သေနှစ်ဦးနှင့် အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့ကို ပြန်ယူခဲ့ပြီး အသိသက်သေနှစ်ဦးအနက် တစ်ဦးနေရာတွင် Paralegal မှပင် ပါဝင်လက်မှတ်ရေးထိုးကာ (၁၀.၁၂.၂၀၁၈) တွင် ရုံးဌာနသို့ အောင်မြင်စွာ တင်ပြလျှောက်ထားပေးနိုင်ခဲ့ပါသည်။

(၂၅.၁.၂၀၁၉) တွင် နိုင်ကတ်ကို လဝကတွင် လာရောက်ထုတ်ယူရန်ချိန်းဆိုထားခဲ့သော်လည်း မပြီးစီးသေးကြောင်းနှင့် ပြီးစီးသွားလျှင် ဖုန်းဖြင့်ဆက်သွယ်ကာ အကြောင်းကြားမည်ဖြစ်ကြောင်းပြောပြကာ ပြန်လွှတ်ခဲ့သည်။ တစ်လခန့်ကြာပြီးနောက်ပိုင်း ဖုန်းအဆက်အသွယ်လည်း မရသဖြင့် (၂၅.၂.၂၀၁၉) တွင် ဒုတိယအကြိမ်မြောက် နိုင်ကတ်ထုတ်ယူရန်သွားခဲ့သော်လည်း မရသေးသဖြင့် (၁၅.၃.၂၀၁၉) တွင် ရအောင်လုပ်ပေးထားမည်ဖြစ်ကြောင်းပြောပြီး ထပ်မံချိန်းဆိုခဲ့ပြန်ပါသည်။

မအီလွေသည် လာရသည်မှာလည်းဝေး၊ ဆိုင်ကယ်လည်းမရှိသောကြောင့် ဆိုင်ကယ်ကယ်ရီငှားပြီးလာနေရခြင်းဖြစ်ကြောင်း၊ သွားလာရန်မှာလည်း အခက်အခဲများရှိနေကြောင်းကို ပြောပြခဲ့သည်။ (၁၅.၃.၂၀၁၉)တွင် လဝကသို့ နိုင်ကတ်ရ၊ မရ ကို လဝက တိုက်နယ်မှူးအား သွားရောက်တွေ့ဆုံမေးမြန်းရာတွင် မအီလွေ၏ လျှောက်ထားမှုအမှုတွဲကို မတွေ့တော့ကြောင်း၊ ပျောက်နေကြောင်း နောက်တစ်မျိုး ထပ်ပြောပြန်ပါသည်။

မအီလွေအား လျှောက်လွှာပျောက်သွားသဖြင့် အစကနေပြန်လည် စလျှောက်ထားရမည့် အကြောင်းကို ပြောပြရာတွင် ပြန်လုပ်မည်ဟု ပြောသော်လည်း ဆိုင်ကယ်မရှိသဖြင့် သွားရေးလာရေးသည် ခက်ခဲကြောင်း၊

မြို့များမှာကဲ့သို့ ဆိုင်ကယ်တက္ကစီလည်း မရှိခြင်းကြောင့် အဆင်မပြေသဖြင့် ဆရာကပဲလာကြိုပေးပါဟု ထပ်မံ အကူအညီတောင်းလာရာ သွားကြိုပေးခဲ့ရပြီး (၂၈.၃.၂၀၁၉) တွင် ဒုတိယအကြိမ် ပြန်လည်လျှောက်ထားခဲ့ပါသည်။ (၄.၄.၂၀၁၉) တွင် နိုင်ကတ် ပြန်လာထုတ်ရန် တိုက်နယ်မှူးကပြန်လည် ချိန်းဆိုခဲ့ပါသည်။ ချိန်းဆိုထားသည့်နေ့ရက်တွင် နိုင်ကတ်ကို အောင်မြင်စွာ ထုတ်ယူနိုင်ခဲ့ပါသည်။

နိုင်ကတ်ရပြီးကျေးဇူးတင်နေသော မအီလွေ

မအီလွေသည် Paralegal ၏ ပံ့ပိုးကူညီမှုကို လွန်စွာပင်ကျေးဇူးတင်နေပြီး၊ ဆရာတို့သာ ရောက်မလာခဲ့လျှင် နိုင်ကတ်ပြုလုပ်နိုင်မည်မဟုတ်ကြောင်း၊ နိုင်ကတ်မရှိဘဲနေနေရမည်ဖြစ်ကြောင်း ဆရာတို့၏ ပံ့ပိုးကူညီမှုကြောင့် ယခုကဲ့သို့ နိုင်ကတ်ရရှိခဲ့သည့်အတွက် သူမသည် အလွန်ပင်ပျော်ရွှင်ပါကြောင်း၊ ဆရာတို့သာမရှိလျှင် သူသည် နိုင်ကတ်လုပ်ဖို့မဆိုထားနှင့် လိုအပ်သော စာရွက်စာတမ်း ထောက်ခံချက်များ ရယူရန်ကိုပင် မသိကြောင်း၊ လဝက ရုံးဌာနသည် မည်သည့်နေရာတွင် ရှိနေသည်ပင် မသိကြောင်း၊ ယခုကဲ့သို့ အသိပညာပေးဆွေးနွေးနှီးဆော်ပေးခြင်း၊ ရုံးဌာနများသို့ ကိုယ်တိုင်လိုက်ပါပေးခြင်းများကြောင့် နိုင်ကတ်၏ အရေးကြီးပုံကို နားလည်လာခဲ့ကြောင်း၊ နိုင်ကတ်၏တန်ဖိုးကိုလည်း နားလည်သွားပြီဖြစ်ကြောင်း၊ နိုင်ကတ်လျှောက်ထားမှု လုပ်ငန်းစဉ်ကိုလည်း နားလည်သွားပြီဖြစ်ကြောင်း ဝမ်းသာအားရပြောပြရှာပါသည်။

နိုင်ကတ်တစ်ခုရရှိရန်အတွက် ရုံးဌာနများသို့ အခေါက်ခေါက်အခါခါ ခက်ခက်ခဲခဲ သွားရလာရ၊ ခရီးစရိတ်အတွက် ပိုက်ဆံများကုန်ခဲ့သော်လည်း နိုင်ကတ်ရရှိခဲ့သည့်အတွက် သူမ အမှန်တကယ်ကို ကျေနပ်ပါကြောင်း ပြောပြခဲ့ပါသည်။ နိုင်ကတ်ရရှိပြီဖြစ်သောကြောင့် သွားချင်သည့်ခရီးများကိုလည်း သွားခွင့်ရပြီဖြစ်ကြောင်း ပြောပြခဲ့သည်။ နိုင်ကတ်ရရှိထားပြီဖြစ်ရာ နယ်ခြားမြေခြားတွင် အလုပ်သွားရမည်ဆိုလည်း စိတ်ပူနေစရာ မလိုတော့ကြောင်းကိုလည်း ဝမ်းသာအားရ ပြောမဆုံးနိုင်ပင်ဖြစ်နေခဲ့သည်။

အကြံပြုချက်များ

မြန်မာနိုင်ငံတွင် ဥပဒေရေးရာအသိပညာများကို မြှင့်တင်ပေးရန် များစွာလိုအပ်နေပါသေးသည်။ ပြည်သူများကို ဥပဒေများနှင့် နိုင်ငံသားများ၏မူလအခွင့်အရေးများအား အသိပညာပေးနှိုးဆော်နိုင်သော၊ လိုအပ်သည်များကို ဝိုင်းဝန်းကူညီပံ့ပိုးပေးနိုင်သော Paralegal များ ဒေသတိုင်းတွင် ထားရှိနိုင်ပါက ပြည်သူများ၏ အခက်အခဲများကို ဖော်ထုတ်ဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်မိပါသည်။ ထို့ကြောင့် Paralegal များကို ဒေသတိုင်းတွင် မွေးထုတ်ပေးနိုင်ရန်အတွက်လည်း အကြံပြုအပ်ပါသည်။

## စာမတတ်သော်လည်း အများအကျိုးအတွက် သယ်ပိုးဆောင်ရွက်ပေးနိုင်သူ

*နေရာအတည်တကျ နေထိုင်မှုမပြုဘဲ အမြဲတမ်းပြောင်းရွှေ့နေထိုင်ခြင်းကြောင့် နိုင်ကတ်မပြုလုပ်နိုင် ကြသည့် အခွင့်အရေးများဆုံးရှုံးနေသော ပလောင်တိုင်းရင်းသားတစ်စု၏ အခက်ခဲများကို ကူညီဖြည့်ဆည်းပေးနေသူ တစ်ယောက်အကြောင်း*



အိုက်ကျောက်သည် တောင်ပေါ်ရှိ ပန်တောင်းရွာ၊ ပင်းတောက်အုပ်စုတွင် မွေးဖွားခဲ့သည်။ မြန်မာနိုင်ငံ၏ တိုင်းရင်းသား ပလောင်လူမျိုးတစ်ယောက်ဖြစ်သည်။ တောင်ပေါ်တွင်နေထိုင်ပြီး တောင်ယာလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်ခဲ့ပါသည်။

အိုက်ကျောက်သည် တောင်ပေါ်ကနေပြောင်းရွှေ့လာပြီး ကျိုင်းတုံမြို့နှင့် (၇) မိုင်ဝေးသော ကတ်ထိုက်အုပ်စု ယန်းကျောက်ရွာတွင် နေထိုင်သည်။ သား/သမီး (၂) ယောက်ရှိပါသည်။ တောင်ပေါ်မှာနေသည့်အချိန်တွင် မည်သည့်ခရီးမှမသွားဖြစ်သောကြောင့် နိုင်ကတ်မရှိလည်းရသည်ဟု ထင်ခဲ့ပါသည်။ လက်ရှိတွင်မူ ခရီးသွားလာနေရင်းမှ ဂိတ်တွင်စစ်ဆေးခြင်းများကြောင့် နိုင်ကတ်ရှိမှသာသွားခွင့်ပြုလာသဖြင့် နိုင်ကတ်လိုအပ်သည်ကို သိရှိလာပြီး နိုင်ကတ်ကို လျှောက်ထားကိုင်ဆောင်ချင်လာခဲ့သည်။

### နိုင်ကတ်မရှိခင်က တွေ့ခဲ့ရသောအခက်အခဲများ

နိုင်ကတ်မရှိလျှင် ခရီးသွားချိန်တွင် ကားလက်မှတ်ဝယ်မရခြင်း၊ အခြားမြို့မှာ အလုပ်သွားလုပ်ချင်သော်လည်း မရနိုင်ခြင်းများ ကြုံတွေ့ခဲ့ရပါသည်။ အိုက်ကျောက်သည် နိုင်ကတ်မရှိသောကြောင့် လယ်ယာမြေကိုလည်း အိမ်ထောင်စုစာရင်းပြပြီးတော့သာ ဝယ်ခဲ့ရရာ ငွေများစွာပိုပေးခဲ့ရသည်။

နိုင်ကတ်လျှောက်ချင်သော်လည်း လျှောက်ထားမှုလုပ်ငန်းစဉ်များ မသိခြင်း၊ ရုံးဌာနများသို့မသွားတတ်ခြင်း၊ လိုအပ်သော စာရွက်စာတမ်းများကိုလည်း သိမနေခြင်း၊ ဗမာစကားကလည်း မတတ်ခြင်းကြောင့် အခက်အခဲ များစွာ ကြုံတွေ့နေရပါသည်။

### BRAVEHEART အဖွဲ့အစည်းက အသိပညာပေးခြင်း

ရပ်ရွာထဲတွင် "ပါရာလီဂယ်" များက နိုင်ကတ်အကြောင်းနှင့်ပတ်သက်သည့် အသိပညာလာပေးမည်ဖြစ်သဖြင့် ရွာသူကြီးက လူစုပေးခဲ့ပါသည်။ အိုက်ကျောက်သည် အသိပညာပေးပွဲကို သွားရောက်နားထောင်ခဲ့ပါသည်။ "ပါရာလီဂယ်" သည် နိုင်ကတ်ရှိခြင်း၏ အခွင့်အရေးများ၊ နိုင်ကတ်လျှောက်ထားမှုလုပ်ငန်းစဉ်၊ အသက် (၁၀) နှစ်ပြည့်မှ နိုင်ကတ်စတင်လျှောက်ထားနိုင်သည် စသည်တို့ကို အသိပညာပေးခဲ့ပါသည်။ "ပါရာလီဂယ်" အနေဖြင့် ကူညီပေးနိုင်သည်တို့ကိုလည်း ပြောခဲ့ပါသည်။

အိုက်ကျောက်သည် မိမိ၏အခက်အခဲများကို "ပါရာလီဂယ်" အားပြောပြပြီး အကူအညီတောင်းခဲ့ပါသည်။ "ပါရာလီဂယ်" သည် အမှုသည်တွင်ရှိထားသော အိမ်ထောင်စုစာရင်းကို တောင်းကြည့်ခဲ့ပြီးနောက် ထပ်မံလိုအပ်သည်များကို ဆက်လက်ရှင်းပြခဲ့ပါသည်။

### "ပါရာလီဂယ်" မှ ပံ့ပိုးကူညီမှုများ

"ပါရာလီဂယ်" သည် အရင်ဦးဆုံး ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ထောက်ခံစာ သွားတောင်းခိုင်းထားပြီး၊ ကျိုင်းတုံမြို့သို့ သွေးသွားစစ်ခြင်း၊ ဓာတ်ပုံရိုက်ခြင်းများပြုလုပ်ပြီးနောက် လဝကရုံးကို ခေါ်သွားပေးခဲ့သည်။ လဝကရုံးသို့ ရောက်သွားချိန်တွင် လုပ်ငန်းစဉ်အတိုင်းလျှောက်ထားပြီး တိုက်နယ်မှူးထံ အရောက်သွားခဲ့သည်။ တိုက်နယ်မှူးက အသက် (၃၅) နှစ် ရှိတော့မှ နိုင်ကတ်လာလျှောက်ရသလားဟုပင် မေးမြန်းခဲ့ပါသေးသည်။

### တိုက်နယ်မှူးမှ မေးမြန်းချက်များ

"အရင်က ဘာဖြစ်လို့မလုပ်သလဲ"

"တောင်ပေါ်မှာနေလို့၊ မလုပ်တတ်လို့၊ ဗမာစကားလည်း မပြောတတ်လို့ မလုပ်ဖြစ်ခဲ့ပါ"

"ဘယ်မှာသွားနေနေလဲ"

"ဘယ်မှမသွားပါ၊ ရွာမှာနေပါတယ်"

"ခု ဘယ်မှာနေသလဲ"

"ယန်းကျောက်ရွာ၊ ကတ်ထိုက်အုပ်စုမှာ နေပါတယ်"

"ဘာအလုပ်လုပ်လဲ"

"လယ်ယာလုပ်ပါတယ်၊ သစ်ချောင်း လုပ်ပါတယ်"

မေးမြန်းချက်များကိုဖြေပြီးချိန်တွင် တိုက်နယ်မှူးက (၆)ဦး ကော်မတီစာရွက်ကိုထုတ်ပေးပြီး သွားထိုးခိုင်းသည်။ (၆)ဦးကော်မတီစာရွက်ကိုယူပြီး ဌာန (၆) ခုကို သွားထိုးခဲ့ရပါသည်။ အချို့ရုံးများတွင် ဌာနဆိုင်ရာအကြီးအကဲ မရှိသောကြောင့် နှစ်ခါပြန်သွားခဲ့ရသည်မျိုးလည်း ရှိခဲ့ပါသည်။

ဤသို့ဖြင့် အထောက်အထားစာရွက်စာတမ်းများပြည့်စုံစွာဖြင့် နိုင်ကတ်ကိုလျှောက်ထားနိုင်ခဲ့သည်။ နှစ်ပတ်အကြာတွင် နိုင်ကတ်ကို ရယူကိုင်ဆောင်နိုင်ခဲ့သည်။

### အိုက်ကျောက်၏ လုပ်ဆောင်မှုများနှင့် အောင်မြင်မှုများ

အိုက်ကျောက်သည် နိုင်ကတ်ရပြီးနောက် အမျိုးသမီး၊ သမီး (၂) ဦးနှင့် သားမက်တို့ကို အရင်ဦးဆုံး နိုင်ကတ်လျှောက်ထားပေးနိုင်ခဲ့ပြီး သူ့မြေးကိုလည်း မွေးတိုးထည့်ပေးနိုင်ခဲ့သည်။

နိုင်ကတ်ရပြီးနောက် သူအလိုအပ်ဆုံးဖြစ်သော ယာဉ်မောင်းလိုင်စင်ကိုလည်း လျှောက်နိုင်ခဲ့သည်။ ခုအချိန်တွင် ဆယ်မ်လော့လိုင်စင် ဆက်လက်လျှောက်ထားနိုင်ရန်အတွက် ပိုက်ဆံစုနေပြီဖြစ်သည်။

မြန်မာစာမတတ်ခြင်း၊ ဗမာစကား မပြောတတ်သော်လည်း လျှောက်ထားမှုလုပ်ငန်းစဉ်အတွက် လဝကရုံး ရောက်လျှင် မည်သည့်နေရာသို့ အရင်စသွားရမည်ကို သေသေချာချာမှတ်သားထားသည်။ နိုင်ကတ် လျှောက်လျှင် မည်သည့်စာရွက်စာတမ်းများ လိုအပ်မည်ကိုလည်း သေချာမှတ်ထားနိုင်သည်ကို တွေ့ရပါသည်။

အိုက်ကျောက်သည် ရပ်ရွာအတွင်းရှိ နိုင်ကတ်မရှိသူများကို နိုင်ကတ်ပြုလုပ်ကြရန်အတွက် တိုက်တွန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ရွာထဲရှိ နိုင်ကတ်လျှောက်ချင်သူကို မိမိဆယ်မ်လော့ဖြင့် လ.ဝ.က ရုံးသို့ စေတနာအပြည့်ဖြင့် အချိန်ကုန်ခံပြီးလိုက်ပို့ပေးသည့်အပြင် လျှောက်ထားမှုအစအဆုံးကိုလည်း ကူညီပေးလျက်ရှိနေပါသည်။

တဖြည်းဖြည်းနှင့် အိုက်ကျောက်သည် ကျေးရွာတွင် အားကိုးရသူတစ်ဦးဖြစ်လာပါတော့သည်။ အိုက်ကျောက်သည် စာမတတ်သော်လည်း လျှောက်ထားမှုလုပ်ငန်းကို ကျွမ်းကျင်လာသည့်အတွက် ကျေးရွာအတွင်းရှိ ပလောင်လူမျိုး အယောက်ပေါင်း (၆၀) ဦးကို နိုင်ကတ်ရအောင် ကူညီပေးနိုင်ခဲ့ပြီဖြစ်သည်။

## အကြံပြုချက်များ

နိုင်ကတ်လုပ်ငန်းစဉ် နားမလည်သောကြောင့် နိုင်ကတ်မပြုလုပ်ရသေးသော ရပ်ရွာလူထုများစွာ ကျန်ရှိနေပါသေးသည်။ တိုင်းရင်းသားတို့၏အခွင့်အရေးများ မဆုံးရှုံးကြရန်နှင့် တိုင်းရင်းသားတိုင်း နိုင်ကတ်ကို လျှောက်ထားကိုင်ဆောင်နိုင်ရေးအတွက် ကျေးရွာအတွင်း မိမိလူမျိုးများအား ပြန်လည်ဝန်ဆောင်မှုပေးနိုင်သော စစ်မှန်သောစေတနာဖြင့် လုပ်ဆောင်နိုင်မည့် စေတနာ့ဝန်ထမ်းကောင်းများ များစွာဖော်ထုတ်သင့်ပါသည်။